# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖြိုင်တာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၅၆)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ ၁၃-၅-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ်(၃ /၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်) ကြာသပတေးနေ့၊ ၁၀ ၀၀ နာရီ အချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)အောင်လင်းဒွေး
နာယက

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ်( ၂ /၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ခုနှစ်၊ ဇွန်လ ၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
ခင်ရီ
ဥက္ကဋ္ဌ

## တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ်( ၁ /၂၀၂၆ )

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်) အင်္ဂါနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)အောင်လင်းဒွေး
ဥက္ကဋ္ဌ

# မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည် လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုန်ပစ္စည်းများတင်ဆောင်လာသည့်မော်တော်ယာဉ်များ မြို့အသီးသီးသို့ရောက်ရှိ



## ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်စွာကြိုဆို

နေပြည်တော် မေ ၁၂

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် ဒေသများ၌ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation) များကို ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်၍ မြို့ရွာများအား အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ပြီး ပြည်သူလူထုအတွက်အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများအနက် တစ်ခုဖြစ်သော မန္တလေး-မတ္တရာ-သပိတ်ကျင်း- တကောင်း- ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကို မေ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၃ သို့ ☆

ကသာမြို့၌ တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေ မှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၆ ခုနှစ်၊ မေ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။

## ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းအသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာ တိုးတက်မြင့်မားမှုသည် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စက်မှုနှင့်နည်းပညာလောကတွင် စဉ်ဆက်မပြတ် လေ့လာခြင်းနှင့် တက်ကြွစွာပြုမူဆောင်ရွက်ခြင်းတို့သည် အောင်မြင်မှုကိုရရှိစေမည်ဖြစ်ကြောင်း စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက မေ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည့် စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ်(၁၄)နှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၃)သင်တန်းဖွင့်ပွဲကို ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ရာ၌ ပြောကြားခဲ့သည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ အားသစ်လောင်းသည့် နေ့တစ်နေ့ဖြစ်သည်။ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သကဲ့သို့ နိုင်ငံသားများအနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ကြွယ်ဝရန် လိုအပ်မည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းလက်တွေ့ သင်ကြားရေးအလုပ်ရုံများနှင့် အထည်ချုပ်သင်တန်းနေရာများကို ကြည့်ရှုစစ်ဆေးသည်။ ယခုဖွင့်လှစ်သည့် သင်တန်းအမှတ်စဉ်(၁၄)တွင် သင်တန်းသား၊ သင်တန်းသူ ၇၇ ဦးအား ဘာသာရပ်ခြောက်ခုကို ၂၀၂၆ ခုနှစ်၊ မေ ၁၁ ရက်မှ ၂၀၂၇ ခုနှစ်၊ မတ် ၂၃ ရက်အထိ တစ်နှစ်ကြာ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး အမှတ်စဉ်(၃)တွင် သင်တန်းသူ ၂၀ အား မေ ၁၁ ရက်မှ ဇွန် ၄ ရက်အထိ တစ်လကြာလေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းပညာရေး တိုးတက်ကောင်းမွန်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ဘဝအခြေအနေ တိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ယနေ့တိုးတက်သည့် ကမ္ဘာတွင် သဘာဝအရင်းအမြစ်ကို ထုတ်ယူသုံးစွဲသည့် စီးပွားရေးလုပ်ငန်းမှသည် လူ့စွမ်းအားအရင်းအမြစ်များကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းသို့ ပြောင်းလဲလုပ်ဆောင်နေပြီဖြစ်သည်။

နိုင်ငံတော်က ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်ကြားပေးလိုက်သည့် စက်မှုပညာရပ်များကို လုပ်ငန်းခွင်ဝင်သည့်အချိန်တွင် စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်ပြီး စဉ်ဆက်မပြတ် သင်ယူလေ့လာပြီး ကျရာအခန်းကဏ္ဍမှ နိုင်ငံနှင့်လူမျိုးအတွက် စက်မှုနှင့်ပတ်သက်သည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။ စက်မှုအခြေခံကောင်းများမှ တစ်ဆင့် တီထွင်သုတေသနပြုမှု၊ ဒီဇိုင်းဆန်းသစ်မှု၊ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်မှု၊ စီးပွားရေးတွက်ခြေကိုက်မှုများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ အဆင့်မြင့်ဆောင်ရွက်နိုင်သည်အထိ ကြိုးစားသွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေးအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## (၁၂-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၂~၃၆၆၆.၂ | ၅၅၇.၈~၅၅၈.၇ | ၁၂၅.၅~၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၁၂၅,၄၂၇.၇၆ | ၁၁,၉၆၁,၆၅၉.၄၀ | ၈၆,၄၇၅,၉၃၀.၉၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါး ကုန်ကြမ်းပစ္စည်းများ၊ မုယော၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ကျောက်ဆည်မြို့နယ်၌ မိုးပဲတီစိမ်း ၃၀၆၈ ဧက စိုက်ပျိုးပြီးစီး

**ကျောက်ဆည် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပဲမျိုးစုံဖူလုံပိုလျှံရေး ဒေသန္တရစီမံချက်ဖြင့် ရာသီအလိုက်စိုက်ပျိုးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီ၌ မိုးပဲတီစိမ်း ၃၀၆၈ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ထိုသို့ မိုးပဲတီစိမ်းသီးနှံများ စိုက်ပျိုးရာတွင် တိုက်နယ်(၁)တွင် ၂၀၇ ဧက၊ တိုက်နယ်(၂)တွင် ဧက ၄၉၀၊ တိုက်နယ်(၃)တွင် ၁၆၈၉ ဧက၊ တိုက်နယ်(၆)တွင် ၃၁၇ ဧက၊ တိုက်နယ်(၈)တွင် ၂၃၇ ဧက၊ တိုက်နယ်(၉)တွင် ၈၆ ဧက၊ တိုက်နယ်(၁၀)တွင် ၁၂ ဧက၊ တိုက်နယ်(၁၂)တွင် ဧက ၃၀ စုစုပေါင်း ၃၀၆၈ ဧက စိုက်ပျိုးပြီးကြောင်းနှင့် မိုးကြိုပဲတီစိမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ လုံလောက်စွာပေးဝေလျက် ရှိကြောင်းသိရသည်။

**ထက်ထက်(ကျောက်ဆည်)**

## အဆင့်မြင့်ဈေးချိုတော်၊ ကိုင်းတန်းဈေးတို့တွင် ခွင့်မပြုဆိုးဆေးနှင့် ခွင့်မပြု တာရှည်ခံဓာတုပစ္စည်းများ အသုံးပြုခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရက်(၁၀၀)စီမံချက်အရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၆)မြို့နယ်အတွင်းရှိ ဈေးများတွင် ခွင့်မပြုဆိုးဆေးနှင့် ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများ အသုံးပြုခြင်းရှိ၊ မရှိကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)မှ တာဝန်ရှိသူများက အဆင့်မြင့်ဈေးချိုတော်နှင့် ကိုင်းတန်းဈေးတို့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**



ဈေးနှင့်သားသတ်ဌာနမှ မန္တလေး(၆)မြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးများတွင် သန့်ရှင်းသာယာလှပရေး၊ ဈေးဆိုင်ခန်းများ စနစ်တကျဖွင့်လှစ်ရောင်းချရေးတို့ကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ရက်(၁၀၀)စီမံချက်အရ မိတ်ဖက်ဌာနဖြစ်သည့် (FDA) မန္တလေးဌာနခွဲတို့ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ခွင့်မပြုဆိုးဆေးနှင့် ခွင့်မပြု တာရှည်ခံဓာတုပစ္စည်းများ အသုံးပြုခြင်းရှိ၊ မရှိကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဈေးနှင့်သားသတ်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိရွှေစင်က ပြောသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချနေသော အစားအသောက်နမူနာများကို ဝယ်ယူပြီး(Mobile Lab Van)ဖြင့် ရှောင်တခင်စစ်ဆေးခြင်း၊ ဈေးအတွင်းရှိ အလှကုန်ဆိုင်များတွင် သုံးစွဲရန်မသင့်ကြေညာချက်ထုတ်ပြန်ထားသည့် အလှကုန်ပစ္စည်းများရောင်းချခြင်းရှိ၊ မရှိစစ်ဆေးခြင်းနှင့် ဈေးသူ၊ ဈေးသားများ အစားအသောက်၊ ဆေးဝါးအလှကုန် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရက်(၁၀၀)စီမံချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာဈေးများကို ရှောင်တခင်စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ထုတ်ပြန်

နေပြည်တော် မေ ၁၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်(အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် - ၁ (I - 1) သို့ ၂၀၂၆ ခုနှစ်၊ မေလ ၃၀ ရက် (စနေနေ့) ထက်မစော၊ မေလ ၃၁ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ပါသည်။

သတင်းစဉ်

## တတိယအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော် ထုတ်ပြန်

နေပြည်တော် မေ ၁၂

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် ဇွန်လ ၂ ရက်၊ (အင်္ဂါနေ့)၊ နံနက် ၁၀:၀၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ အမျိုးသားလွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်-၁၉ (I -19)သို့ ၂၀၂၆ ခုနှစ် မေလ ၃၀ ရက်(စနေနေ့) ထက်မစော မေလ ၃၁ ရက်(တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်းသတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ပါသည်။

သတင်းစဉ်



ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မန္တလေးမြို့မှ စတင်ထွက်ခွာစဉ်။





ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မတ္တရာမြို့အား ဖြတ်သန်းထွက်ခွာစဉ်။



ထီးချိုင့်မြို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



အင်းတော်မြို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

☆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ၏ မြောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အထိ ဆက်သွယ်ထားသည့် မန္တလေး- မတ္တရာ-သပိတ်ကျင်း- တကောင်း- ထီးချိုင့်- ကသာ- အင်းတော်-မော်လူး-နန့်စီးအောင်- မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေး လမ်းကြောင်းအား အကြမ်းဖက် သောင်းကျန်းသူများက ယာယီစိုးမိုးပိတ်ဆို့ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး စားနပ်ရိက္ခာနှင့် နေ့စဉ်သုံးပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံး ပစ္စည်းများ လုံလောက်စွာ မရရှိတော့ခြင်း၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များအား အတင်းအဓမ္မ ဆက်ကြေး ကောက်ခံခြင်းများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ စီးပွားရေး လုပ်ငန်းများအတွက် ကုန်ကြမ်းများ ပြတ်လပ်ပြီး ကုန်ချောထုတ်လုပ်မှုတွင် အခက်အခဲများဖြစ်ပေါ်ကာကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ကုန်ပစ္စည်းများလည်း ဈေးကွက်သို့ မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါ ဆက်သွယ်ရေး လမ်းကြောင်းအား တပ်မတော်က အပြည့်အဝ ပြန်လည်သိမ်းပိုက်၍ တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများအား လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းပြီး အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးနှင့် ပို့ဆောင်ဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးတို့အတွက် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါလမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ အစိုးရ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည် အခြေချနေထိုင်စဉ် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ပြန်လည် ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများသည် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များနှင့် စက်သုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ်များ၊ ကုန်ပစ္စည်းများ တင်ဆောင်ပြီး ကုန်သည်များ လိုက်ပါလာသည့် မော်တော်ယာဉ်များ၊ ဒေသခံခရီးသွား ယာဉ်များနှင့်အတူ မေ ၉ ရက်တွင် မန္တလေးမြို့မှ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာဝန်ထမ်းများသည် ကုန်ပစ္စည်းများ တင်ဆောင်လာသည့်မော်တော်ယာဉ်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၊ ကသာမြို့၊ အင်းတော်မြို့နှင့် မော်လူးမြို့တို့သို့ ရောက်ရှိစဉ် အဆိုပါမြို့များရှိ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက လည်းကောင်း၊ ထို့မှတစ်ဆင့် မေ ၁၂ ရက် ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လည်းကောင်း အိုးစည် ဒိုးပတ်များ၊ အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင် ဝမ်းမြောက်စွာကြိုဆိုခဲ့ကြကြောင်း သိရသည်။

မန္တလေး- မြစ်ကြီးနား လမ်းကြောင်း တစ်လျှောက်ရှိ မြို့ရွာအသီးသီး၌လည်း နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများနှင့် တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို

စာမျက်နှာ ၄ သို့ ☆

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု



နေပြည်တော် မေ ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ကျေးရွာတွင်း လမ်းတံတားလုပ်ငန်းများ၊ ကျေးရွာရေရရှိရေးနှင့် ကျေးရွာမီးရရှိရေးလုပ်ငန်းများနှင့် ကျေးလက်ဆေးပေးခန်းကိုလည်းကောင်း၊ ဝက်မွေးမြူရေးလုပ်ငန်းများနှင့် စက်ရက်ကန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အေးချမ်းသာစံပြကျေးရွာရှိ အေးချမ်းသာစံပြစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းသား တောင်သူတစ်ဦး၏ နွေစပါးစိုက်ပျိုးထားရှိမှု၊ ပုဗ္ဗသီရိမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာအနီးရှိ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်း၏ သဘာဝမြေဩဇာထုတ်လုပ်နေမှုနှင့် နို့စားနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၃ မှ

အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်များဖြင့် ပါရှိလာသည့် အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို မြို့ရွာအသီးသီးရှိ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ တစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။ ထို့အပြင် အဆိုပါ မော်တော်ယာဉ်များနှင့် အတူ ပါရှိလာသည့် ကုန်သည်များ သယ်ဆောင်လာသည့် လူသုံးကုန်ပစ္စည်းများအား လမ်းကြောင်းတစ်လျှောက်ရှိမြို့/ရွာများအတွင်း ပို့ဆောင် ရောင်းချနိုင်ခဲ့သဖြင့် ဒေသတွင်း ကုန်ဈေးနှုန်းကြီးမြင့်ခဲ့မှုများကို လျှော့ချပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ယခုအခါ အဆိုပါ လမ်းကြောင်း တစ်လျှောက်တွင် ခရီးသွား မော်တော်ယာဉ်များ၊ ကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။



ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များအား မြစ်ကြီးနားမြို့မှ ဒေသခံများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

ယခုကဲ့သို့မန္တလေး-မြစ်ကြီးနား ဆက်သွယ်ရေး လမ်းကြောင်း ပြန်လည် ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့လာပြီး လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ပညာရေးကဏ္ဍများလည်း ပြန်လည်ရရှိတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် မြို့၊ ရွာများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြမည်ဟု ဝမ်းမြောက်စွာ ရင်ဖွင့်ပြောကြားခဲ့ကြောင်း သိရှိရသည်။

လမ်းတံတားဟူသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသည့် အခြေခံအဆောက်အအုံများတွင် ပါဝင်ပြီး လမ်းတံတားများ ကောင်းမွန်မှသာ လူနှင့်ကုန်စည်များ သွားလာပို့ဆောင်မှုကို မြန်ဆန်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ ထို့ပြင် လမ်းတံတားများသည် ကျေးလက်နှင့် မြို့ပြဒေသများကို ဆက်သွယ်ပေးနိုင်သဖြင့် ပညာရေး၊ ကျန်းမာရေးနှင့်အခြားသော လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ရရှိစေမည်ဖြစ်ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်လုံခြုံရေးအတွက်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သဖြင့် လမ်းနှင့်တံတားများသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အကျိုးသက်ရောက်စေနိုင်သည့်အတွက် မြို့ရွာများနှင့် လမ်းတံတားများကို ဖျက်ဆီးပြီးပြည်သူများအား အနိုင်ကျင့်နှိပ်စက်သည့် အကြမ်းဖက်သောင်းကျန်းသူများအား ပြည်သူလူထုတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက်ရှိကြကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ရွာအသီးသီးရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုသည်နိုင်ငံတော်၊ တပ်မတော်တို့နှင့်အတူ တစ်သားတည်းရှိနေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ဒေသခံများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည် -

၁။ ကျွန်မတို့ အခုဒီလမ်းဖွင့်ပွဲ အစီအစဉ်ကတော့ မြစ်ကြီးနားနဲ့ မန္တလေး။ ဒီလမ်းကို မေ ၆ ရက်မှာ ဖွင့်လှစ်လိုက်တယ်ဆိုတာ ကျွန်မတို့ သိရပါတယ်။ မေလ ၆ ရက်နေ့မှာ ဖွင့်လှစ်တဲ့လမ်းကတော့ နိုင်ငံတော် အကြီးအကဲတွေနဲ့ တပ်မတော်ဌာနဆိုင်ရာ အကုန်လုံး ပူးပေါင်းပြီးမှ ဒီလမ်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။ ဒီလမ်း ဖွင့်လှစ်ခဲ့တဲ့ အချိန်ကနေစပြီး ယာဉ်တန်းကြီးနဲ့ ဌာနဆိုင်ရာမှာ တာဝန်ထမ်းဆောင်တဲ့၊ ဒေသအသီးသီးမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေလည်း ပါရှိလာ







တယ်။ ဒီယာဉ်တန်းကြီးနဲ့အတူ ပါလာတယ်။ စားနပ်ရိက္ခာ၊ ကုန်စည်တွေနဲ့ ထုတ်ကုန်လူသုံးကုန်ပစ္စည်းတွေလည်း ပါခဲ့တယ်ဆိုတာ ကျွန်မတို့ သိခဲ့ရပါတယ်။ အကြောင်း အမျိုးမျိုးကြောင့် ရှောင်နေကြတဲ့ ကိုယ့်ဒေသနဲ့ ရပ်ကျေးနဲ့ စွန့်ခွာပြီးနေတဲ့လူတွေရော ဒီကျောင်းမဖွင့်ခင်မှာ ကိုယ့်ကလေးတွေ ပညာသင်ကြားဖို့အတွက်လည်း ကျွန်မတို့ကို နိုင်ငံတော် အစိုးရကလည်း ပံ့ပိုးထားပါတယ်။ ဒါကြောင့် ကျွန်မတို့ ကိုယ့်နေရာနဲ့ကိုယ် ပြန်သွားပြီးတော့ အချိန်မီ ကလေးတွေကို ကျောင်းအပ်နိုင်ရန်အတွက် ကျွန်မတို့စီစဉ်ထားပါတယ်။ ဒါကို ကျွန်မတို့ သိရပါတယ်။ ဒါကြောင့် ကိုယ့်အိုးကိုယ့်အိမ်ကို၊ ကိုယ့်ဒေသကို ပြန်လည်ရောက်ရှိသွားအောင် ကိုယ့်ဟာကိုယ်သွားပြီးမှ ကလေးတွေ ပညာရေးအတွက်ကိုလည်း နောက်မကျအောင်၊ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်စီစဉ်ပေးနေတယ်ဆိုတာလည်း ကျွန်မတို့ သိရတယ်။ အဲဒါကြောင့် ကိုယ့်နေရာနဲ့ကိုယ် ကိုယ့်ဒေသကို ပြန်သွားဖို့လည်း ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ ဒါကြောင့် ဒီနေ့ကျတော့ကျွန်မတို့မြစ်ကြီးနားမှာ ရောက်ရှိလာမှာဖြစ်တဲ့အတွက် ကျွန်မတို့ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းပွင့်သွားတဲ့ အတွက် ကုန်စည်စီးဆင်းမှုတွေကလည်း ကုန်ဈေးနှုန်းတွေ ပုံမှန်ကျဆင်းလာပြီး ကျွန်မတို့ခရီးသွားလာရေး လှုပ်ရှားမှုကလည်း ပုံမှန်အတိုင်း သွားလာလို့ရတဲ့အတွက် ကျွန်မတို့ ပြည်သူအနေနဲ့လည်း အထူးပဲ ဝမ်းမြောက်ပါတယ်လို့ ကျွန်မအနေနဲ့ပြောချင်ပါတယ်။ အထူး ကျေးဇူးတင်ပါတယ်။

၂။ အခုလို ယာဉ်တန်းတွေ ဝင်လာတဲ့အတွက် ကုန်စည်ပစ္စည်းတွေလည်း သက်သာလာတော့မှာပါ။ ပြီးရင် အဘက်ဘက်ကလည်း အားလုံး အဆင်ပြေလာတော့မှာပါ။ ဒီယာဉ်တန်းတွေမှာ ဝန်ထမ်းတွေလည်း ပါလာတာသိရပါတယ်။ ဒီထဲမှာ ကျောင်းသုံးပစ္စည်းတွလည်း ပါလာမှာ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီအတွက် ကျောင်းဖွင့်ရာသီလည်း ရောက်တော့မှာဖြစ်တဲ့အတွက် မိဘပြည်သူတွေ အနေနဲ့လည်း ကိုယ့်သားသမီးတွေ ပညာတတ်မြောက်နိုင်ရေးအတွက် ကျောင်းထားကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

၃။ လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေသွားတဲ့ အတွက် အနယ်နယ်အရပ်ရပ်မှာ ရှိကြတဲ့ ကျောင်းသားတွေဟာ ဆိုရင် ကိုယ့်ရွာကိုပြန်ပြီးတော့ အခုလိုမျိုး ကျောင်းတက်ခွင့်ရတဲ့အတွက် ကျွန်မ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလိုမျိုး အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်အိမ်ကိုယ့်ပြည်ကို စွန့်ခွာသွားကြတဲ့သူတွေလည်း အခုကျောင်းဖွင့်ရာသီရောက်လာသည့် နည်းတူ အတူတကွ ကျောင်းလာအပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်မလိုမျိုး ကျောင်းသားကျောင်းသူတွေလည်း ကျောင်းမှာ ပြန်အပ်နှံဖို့ ကျွန်မတိုက်တွန်းလိုပါတယ်။

သတင်းစဉ်

■

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အာဆီယံမိသားစု ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဆိုင်ရာညီလာခံနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ တက်ရောက်

နေပြည်တော်　မေ　၁၂

ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ ၂၀၂၆ ခုနှစ် မေ ၁၂ ရက်မှ ၁၄ ရက်အထိ Video Conference စနစ်ဖြင့် ကျင်းပသည့် အာဆီယံမိသားစုဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်ဆိုင်ရာညီလာခံနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး(ASEAN Ministerial Meeting on Social Welfare and Development -AMMSWD)၏ ဥက္ကဋ္ဌဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်သည်။



ဖွင့်ပွဲအခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ဝန်ကြီးဖြစ်သူ H.E. Rex Gatchalian က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမှာစကားပြောကြားရာတွင် ကျား၊ မ တန်းတူညီမျှရေးနှင့် မိသားစုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံကြေညာချက်နှင့် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် မိသားစု၏ အရေးပါမှုဆိုင်ရာ ဘန်ဒါဆရီဘီဂါဝမ်ကြေညာချက်တို့သည် မိသားစုများအား ပိုမိုကူညီပေးနိုင်ရေးနှင့် ခိုင်မာအားကောင်းစွာ တည်ဆောက်နိုင်ရေးတို့အတွက် ကတိကဝတ်များဖြစ်ကြောင်း။

အာဆီယံဒေသတွင်း မိသားစုများ၏ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် အားလုံးပါဝင်နိုင်ပြီး လိုက်လျောညီထွေရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များမှတစ်ဆင့် ထိခိုက်လွယ်အုပ်စုများထံရောက်ရှိနိုင်မည့် မိသားစုကိုဗဟိုပြုသော မူဝါဒများနှင့် အားပေးကူညီသည့် အစီအမံများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှု ဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ပိုမိုလက်လှမ်းမီစေမည့် ပေါင်းစပ်ချဉ်းကပ်မှုနှင့် ဟန်ချက်ညီသောစနစ်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရန်ကုန်တိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော်　မေ　၁၂

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ရန်ကုန်တိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးတို့က သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိနိုင်မည့် အချက်အလက်များအပေါ် အခြေခံ၍ မူဝါဒ၊ စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး အစီရင်ခံစာနှင့်ပတ်သက်၍ ဖော်ထုတ်ရရှိနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာ တိုင်းဒေသကြီး အစီရင်ခံစာများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် ဦးစီးမှူးရုံး၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးနေမှုနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၃)အဆန် / အမှတ်(၄)အစုန်လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားနှင့် သာစည်-နေပြည်တော်-သာစည်၊ နေပြည်တော်-တောင်ငူ-နေပြည်တော်နှင့် တောင်ငူ-ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် RBE ခရီးတိုရထားများ စတင်ပြေးဆွဲမည်

နေပြည်တော်　မေ　၁၂

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ စတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် အမှတ်(၃)အဆန်/အမှတ်(၄)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား မေ ၁၅ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၃)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၄)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ထို့အတူ ရန်ကုန်နှင့် မန္တလေး ခရီးစဉ်ဘူတာတို့မှ နံနက် ၆ နာရီအချိန် ထွက်ခွာပြေးဆွဲနေသည့် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ခရီးစဉ်ဘူတာများမှ နံနက် ၇ နာရီတွင် အောက်ပါအချိန်ဇယားအတိုင်း ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၇:၀၀ | ၁၇:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၇:၀၀ | ၁၇:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ထို့ပြင် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း သာစည်-နေပြည်တော်-သာစည် ခရီးစဉ်အဖြစ် အမှတ်(သ-၄၀၁)အဆန်/(သ-၄၀၂)အစုန် RBE ခရီးတိုရထား၊ နေပြည်တော်-တောင်ငူ-နေပြည်တော် ခရီးစဉ်အဖြစ် အမှတ်(သ-၅၀၁)အဆန်/(သ-၅၀၂)အစုန် RBEခရီးတိုရထားနှင့် တောင်ငူ-ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် အမှတ်(သ-၆၀၁)အဆန်/(သ-၆၀၂)အစုန် RBE ခရီးတိုရထားများအား မေ ၁၅ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | သ-၄၀၂ အစုန် | သာစည် | နေပြည်တော် | ၀၆:၀၀ | ၀၈:၅၀ | (၂)နာရီ(၅၀)မိနစ် |
| ၂ | သ-၄၀၁ အဆန် | နေပြည်တော် | သာစည် | ၁၄:၀၀ | ၁၆:၅၀ | ။ |
| ၃ | သ-၅၀၂ အစုန် | နေပြည်တော် | တောင်ငူ | ၀၆:၀၀ | ၀၈:၂၅ | (၂)နာရီ(၂၅)မိနစ် |
| ၄ | သ-၅၀၁ အဆန် | တောင်ငူ | နေပြည်တော် | ၁၄:၀၀ | ၁၆:၂၅ | ။ |
| ၅ | သ-၆၀၂ အစုန် | တောင်ငူ | ပဲခူး | ၀၆:၀၀ | ၁၀:၁၅ | (၄)နာရီ(၁၅)မိနစ် |
| ၆ | သ-၆၀၁ အဆန် | ပဲခူး | တောင်ငူ | ၁၄:၁၅ | ၁၈:၃၀ | ။ |

အထက်ပါ တိုးချဲ့ပြေးဆွဲမည့် RBE ခရီးတိုရထားများ၏ နေပြည်တော်-သာစည်၊ သာစည်-နေပြည်တော်နှင့် နေပြည်တော်-တောင်ငူ၊ တောင်ငူ-နေပြည်တော်တို့အတွက် လက်မှတ်ခနှုန်းထားများမှာ ခရီးစဉ် အစအဆုံးငွေကျပ်(၅၀၀၀)၊ ခရီးစဉ်တစ်ဝက်ငွေကျပ်(၂၅၀၀)ဖြစ်ကြောင်းနှင့် တောင်ငူ-ပဲခူး၊ ပဲခူး-တောင်ငူအတွက် လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစအဆုံးငွေကျပ် (၈၀၀၀) ခရီးစဉ်တစ်ဝက် ငွေကျပ်(၄၀၀၀)ဖြစ်ပြီး လမ်းခရီး၌ဘူတာစဉ်ရပ်တန့်ပေးမည်ဖြစ်သည်။

တိုးချဲ့ပြေးဆွဲမည့် ရထားများ၏ အချိန်စာရင်းအရ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ အမှတ်(၁၁)အဆန်/အမှတ်(၁၂) အစုန်ရထား၊ အမှတ်(၁)အဆန်/အမှတ်(၂)အစုန်ရထားနှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းအတွင်းရှိ အမှတ်(၈၁)အဆန်/(၈၂)အစုန် ရထားများ၏ အချိန်စာရင်းအား မေ ၁၅ ရက်မှစ၍ အောက်ပါအချိန်ဇယားအတိုင်း ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်ရှိ AAR (ရိုးရိုး)တွဲဆိုင်းဖြင့် ပြေးဆွဲနေသော အမှတ်(၁၁)အဆန်/အမှတ်(၁၂)အစုန်ရထားအား လေအေးပေးစက် ပါ အထက်တန်းလူစီးတွဲ (၂)တွဲပါရှိသော လေအိတ်ရထားတွဲဆိုင်းဖြင့် မေ ၁၅ ရက်မှစတင်၍ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၁၁)အဆန် | ရန်ကုန် | မန္တလေး | ၀၅:၀၀ | ၁၈:၅၀ | (၁၃)နာရီ(၅၀)မိနစ် |
| ၂ | အမှတ်(၁၂)အစုန် | မန္တလေး | ရန်ကုန် | ၀၅:၀၀ | ၁၉:၃၅ | (၁၄)နာရီ(၃၅)မိနစ် |
| ၃ | အမှတ်(၁)အဆန် | ရန်ကုန် | မန္တလေး | ၀၈:၃၀ | ၀၆:၀၀ | (၂၁)နာရီ(၃၀)မိနစ် |
| ၄ | အမှတ်(၂)အစုန် | မန္တလေး | ရန်ကုန် | ၁၈:၀၀ | ၁၅:၂၀ | (၂၁)နာရီ(၂၀)မိနစ် |
| ၅ | အမှတ်(၈၁)အဆန် | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၃၅ | (၈)နာရီ(၃၅)မိနစ် |
| ၆ | အမှတ်(၈၂)အစုန် | မော်လမြိုင် | ရန်ကုန် | ၀၈:၃၀ | ၁၇:၀၀ | (၈)နာရီ(၃၀)မိနစ် |

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် လေအေးပေးစက်ပါ DEMU လူစီး အမြန်ရထားများဖြစ်သော အမှတ်(၃)အဆန်/ အမှတ်(၄)အစုန်နှင့် အမှတ်(၅)အဆန်/အမှတ်(၆) အစုန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) စနစ်ဖြင့် ခရီးစဉ်အစအဆုံးအတွက် ခုနစ်ရက်နှင့် လမ်းဘူတာများအတွက် သုံးရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## အခြေခံဘောလုံးသင်တန်း၊ ကရာတေးဒိုသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်းနှင့် စားပွဲတင်တင်းနစ် သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး မေ ၁၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များက ကြီးမှူးကျင်းပသည့် Football for School Programme အစီအစဉ်ဖြင့် အခြေခံဘောလုံးသင်တန်း၊ ကရာတေးဒိုသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်းနှင့် စားပွဲတင်တင်းနစ် ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ၅၆လမ်း၊ ၁၂၇ လမ်းနှင့် ၁၂၈ လမ်းကြားရှိ ထထ(၃၆)၊ အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သီချင်းဖြင့် တက်ရောက်လာသူများက သီဆိုပြီး အခမ်းအနားကို စတင်ဖွင့်လှစ်ကာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်အားကစားမှူးဦးစီးအရာရှိ ဒေါ်စန်းစန်းအေး၊ အားကစားသင်တန်းနည်းပြ မြန်မာ့လက်ရွေးစင် ဦးသက်နိုင်နှင့် ဦးကျော်တက်ဦးတို့က ဦးဆောင်၍ သင်တန်းသား၊ သူများက အားကစားသင်တန်းသစ္စာအဓိဋ္ဌာန်(၄)ချက်ကို သီဆိုခဲ့သည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး အခြေခံဘောလုံးသင်တန်း၊ ကရာတေးဒိုသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်းနှင့် စားပွဲတင်တင်းနစ်သင်တန်းအဖွဲ့မှ သင်တန်းသား၊ သင်တန်းသူများက အားကစားနည်းများ သရုပ်ပြလှေ့ကျင့်ခဲ့သည်။

အဆိုပါ အခမ်းအနားကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အားကစားမှူး ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးနှင့် အားကစားသင်တန်းနည်းပြများ၊ (၁၈)ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်**

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံ

**ကျိုင်းတုံ မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို မေ ၉ ရက်က ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကျိုင်းတုံ)၊ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထွန်းဦးက ဒေသအတွင်း စိုက်ပျိုး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ပြည်သူများ၏ လိုလားချက်များ၊ မျှော်မှန်းချက်၊ မျှော်လင့်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနများအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မိုင်းတုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးထင်အောင်ရှိန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနော်၊ ဦးအိုက်ပလိပ်တို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**






နောင်ချိုမြို့၊ ပါဟတ်ရပ်ကွက်ရှိ တောင်ခမ်းလမ်းတစ်လျှောက် ပျက်စီးနေသည့်လမ်းများ နိမ့်ကျသွားသည့် ချိုင့်ကွက်များဖြစ်နေသည့်နေရာများအား အုတ်၊ သဲ၊ ကျောက်များဖြင့် ယာယီပြုပြင်ဆောင်ရွက်နေမှုအား နောင်ချိုမြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (ကဆ)

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များနေ့ချင်းပြီး ဆောင်ရွက်ပေး

**ချောက် မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် "လူမှုဘဝ ပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက် ၉ နာရီက ချောင်းတက်ကျေးရွာအုပ်စု၊ ချောင်းတက်ကျေးရွာမှ ပြည်သူ ၂၃ ဦးအား နေ့ချင်းပြီး ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောက်မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများအား ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်လူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့်နှင့် ဟောင်းနွမ်းပျက်ဆီးမှုများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ပြားများကို ပြည်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**ဝင်းအိမ္မွန်(ပြန်/ဆက်)**

*-*-*-*-*



## စားသောက်ကုန် Bakery အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

**စစ်ကိုင်း မေ ၁၂**

စစ်ကိုင်းမြို့တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စစ်ကိုင်းခရိုင်အတွင်းရှိ ပြည်သူများ တစ်ဦးချင်းဝင်ငွေ တိုးတက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သောတန်ဖိုးမြှင့် စားသောက်ကုန် Bakery အမျိုးမျိုးထုတ်လုပ်မှုနည်းပညာ သင်တန်း(၁/၂၀၂၆) ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရွာထောင်ဘုန်းကြီးကျောင်း သုခဒါယီဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လွင်မာအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပညာမောင်လူမှုကူညီရေး အသင်းတာဝန်ရှိသူ ဦးထက်ကျော်မင်းက သင်တန်းဆင်းကတ်များ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လွင်က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းထွက် ကုန်ချောပစ္စည်းများ လက်ဆောင်အဖြစ်ပေးအပ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား တစ်ဦးမှ ကျေးဇူးတင်စကားပြောကြားခဲ့သည်။


အဆိုပါသင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် သင်တန်းကာလ ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**အေးငြိမ်းစံ(ပြန်/ဆက်)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## ခရီယာတင်း၏ အာနိသင်ကို ဆန်းစစ်လေ့လာရာ ကြွက်သားထက်ကျော်လွန်သော စွမ်းဆောင်ရည်တွေ့ရှိ

ဆေးဝါးဗေဒသုတေသီနှင့် ပါမောက္ခဟောင်းတစ်ဦးဖြစ်သူ ဒေါက်တာမယ်ဒီဘိုရီဂျာဒီက ခရီယာတင်းနှင့်ပတ်သက်၍ အသေးစိတ် သုံးသပ်ချက်တစ်ရပ်ကို မကြာသေးမီက ဆန်းစစ်တင်ပြခဲ့သည်။

ခရီယာတင်းကို ခန္ဓာကိုယ်အတွင်းရှိ အသည်း၊ ကျောက်ကပ်နှင့် သရက်ရွက်တို့မှ အမိုင်နိုအက်ဆစ်များကို အသုံးပြု၍ သဘာဝအလျောက် ထုတ်လုပ်ပေးသည်။

ထိုသို့ထုတ်လုပ်ပြီးနောက် ခရီယာတင်းသည် သွေးကြောထဲသို့ ရောက်ရှိသွားကာ စွမ်းအင်လိုအပ်သော တစ်သျှူးများ အထူးသဖြင့် ကြွက်သားများဆီသို့ ပို့ဆောင်ပေးသည်။

စင်စစ်တွင် ခရီယာတင်းသည် ကာယကြံ့ခိုင်မှုအတွက်သာမက အခြားသောကောင်းကျိုးများလည်း ရှိနိုင်ပြီး သုတေသနပြုချက်များအရ ၄င်းသည် မှတ်ဉာဏ်စွမ်းရည်၊ စိတ်ခံစားမှုနှင့် ဦးနှောက်၏ တုံ့ပြန်မှုနှုန်းတို့ကို အထောက်အကူပြုနိုင်သည်ဟု မယ်ဒီဘိုရီဂျာဒီက ထောက်ပြသည်။ (SCI)

## Pursuit of Jade သရုပ်ဆောင် Zhang Linghe ကြောင့် အရေးပေါ် ညှိနှိုင်းဆွေးနွေး



တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် ရုပ်မြင်သံကြားအဖွဲ့အစည်း၏ ဇာတ်လမ်းတွဲဌာနမှ နိုင်ငံတွင်း ရုပ်သံထုတ်လုပ်ရေး ပလက်ဖောင်းနှင့် ကုမ္ပဏီများကို အရေးပေါ် ဆင့်ခေါ်၍ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ရခြင်းမှာ Pursuit of Jade သရုပ်ဆောင် ကျန်လင်ဟီးကြောင့်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲဖြစ်စေရခြင်းမှာ သမိုင်းနှင့် အချစ်နောက်ခံဇာတ်လမ်းတွဲ Pursuit of Jade ပြသပြီးနောက် ဝေဖန်မှုများစွာ ပေါ်ထွက်လာရာ တရုတ်စစ်သူကြီး သရုပ်ဆောင် ကျန်လင်ဟီးမှာ တိုက်ပွဲပေါင်းများစွာ အောင်နိုင်ခဲ့သော်လည်း ဆံပင်ဒီဇိုင်း ကျနေ၍ ချောမောသော ရုပ်ရည်တွင် ချွေး၊ သွေး၊ ဖုန်စွန်းထင်ခြင်း မရှိခဲ့၍ မိတ်ကပ်လိမ်းထားသော စစ်သူကြီးဟု ဝေဖန်ထားကြသည်။

ထိုပြင်းထန်သော မှတ်ချက်များကြောင့် ဆွေးနွေးပွဲတွင် အဓိကတရုတ်မင်းသားများ စက်စက်ယိုချောမောလှပ၍ လူကြည့်နှုန်းဦးစားပေးသည့်ကိစ္စကို ညှိနှိုင်းအဖြေရှာခဲ့ကြပြီး အရည်အသွေးရှိဇာတ်ညွှန်းများ ပေါ်ထွက်လာရန်နှင့် အမျိုးသားပီသသော ခွန်အားဆိုသည့် စိတ်ဓာတ်ကို ဖျိုးထောင်ရန် ဆွေးနွေးခဲ့ကြသည်။(SKY)

## Journey to the West အပိုင်း(၂၇)ပိုင်းနှင့် ရိုက်ကူး

၂၀၂၇ ခုနှစ် အစောပိုင်းတွင် တရုတ်ယဉ်ကျေးမှုရုပ်သံဌာနမှ Journey to the West ကို အပိုင်း (၂၇)ပိုင်းနှင့် ရိုက်ကူးရန် စီစဉ်နေကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်း၌ လူကြိုက်များခဲ့သည့် အနောက်သို့ ခရီးသွားခြင်းကို ခေတ်မီမြင်ကွင်းများနှင့် မူရင်းဇာတ်လမ်းအရသာ ဟန်ချက်ညီရန် စီစဉ်ထားကာ ယွမ်သန်းငါးရာ ရင်းနှီးမြှုပ်နှံထားသည်။

အဆိုပါဇာတ်ကားရိုက်ကူးမှုကို အထင်ကရနေရာများတွင် ပြုလုပ်၍ ခမ်းနားသောမြင်ကွင်းများ၊ အဆင့်မြင့်နည်းပညာများဖြင့် တရုတ်သိပ္ပံအကယ်ဒမီနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ သရုပ်ဆောင်ရွေးချယ်မှုကို အော်ပရာ လေ့ကျင့်ထားသော အနုပညာရှင်များမှတစ်ဆင့် ဆန်ဝူကွမ်း ဟာသသရုပ်ဆောင်(Pigsy)နှင့် ကိုယ်ခံပညာကျွမ်းကျင်သူ(Sandy)အပြင် တည်ငြိမ်သန့်စင်သော ပုံရိပ်နှင့် ထန်ဆန်းကိုယ်တော်အဖြစ် ဝမ်ရီဘိုဟု ကောလာဟလ ထွက်ရှိလာပြီး တရားဝင် အတည်ပြုချက် မရှိသေးပေ။

လူကြိုက်များခဲ့သော ဂန္ထဝင်ဇာတ်ကားကို ပြန်လည်ပုံဖော်ရိုက်ကူးမည်ဖြစ်၍ ပရိသတ်များက စိုးရိမ်ပူပန်မှု ရှိနေကြသည်။ (SKY)

* - *- *- *- *- *- *



## Xiao Zhan က Major Film Festival တွင် အကောင်းဆုံးဆုရ မိန့်ခွန်းပြောကြား

တရုတ်နိုင်ငံ၊ ပေကျင်းကောလိပ်ကျောင်းသား ရုပ်ရှင်ပွဲတော်ကို (၃၃)ကြိမ်မြောက် ကျင်းပခဲ့ရာ ရှောင်ကျန့်က De Xian Jin Zhi ရုပ်ရှင်နှင့် အကောင်းဆုံးသရုပ်ဆောင်ဆု ရရှိကာ ဆုယူအပြီး အကောင်းဆုံးမိန့်ခွန်းပြောကြားသွားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲ 33rd Beijing College Student Film Festival တွင် အကောင်းဆုံးသရုပ်ဆောင်ဆု ရရှိခဲ့သော ရှောင်ကျန့်သည် စင်မြင့်ပေါ်တွင် တည်ငြိမ်အေးဆေးသောပုံနှင့် သူ၏ဇာတ်ကောင်နှလုံးသားထဲမှ မိန့်ခွန်းကို ပြောကြားသွားသည်။

ရှောင်ကျန့်က ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ ထုတ်လုပ်သူ၏ရုပ်ရှင်အဖွဲ့သားများကို ကျေးဇူးတင်ကြောင်း၊ ကောလိပ်ကျောင်းသားရုပ်ရှင်ပွဲတော်ကို ပထမဆုံးအကြိမ်တက်ရောက်၍ ဂုဏ်ပြုမှု ရရှိခဲ့ကြောင်း၊ ဇာတ်လမ်းထဲမှ ဇာတ်ကောင်မှာ သာမန်လူတစ်ယောက်ဖြစ်သော်လည်း ဉာဏ်ပညာနှင့် တာဝန်ယူတတ်ကာ ရဲရင့်သူဖြစ်၍ စိတ်ဓာတ်ကျနေချိန်တွင် မျှော်လင့်ချက် ဖန်တီးပေးနိုင်၍ ဇာတ်ရုပ်မှတစ်ဆင့် လူတိုင်းကို အားပေးမှုနှင့် သတ္တိများ ယူဆောင်လာနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

နောက်ဆုံးအနေနှင့် ဖန်တီးသူများ၏ နောက်ကွယ်မှ သရုပ်ဆောင်အဖွဲ့အားလုံး၏ စေတနာအတွက် ကျေးဇူးတင်ကြောင်း၊ ရုပ်ရှင်အတွက် တက်ရောက်လာကြသော တက္ကသိုလ်ကျောင်းသားများလည်း ကိုယ်စိတ်ဝင်စားသည့်နယ်ပယ်တွင် အောင်မြင်ကြပါစေ၊ လင်းလက်တောက်ပပြီး ချောမွေ့သည့် လမ်းနှင့်အတူ လွတ်လပ်စွာ နေထိုင်နိုင်ကြပါစေ ကျေးဇူးတင်ပါသည်ဟူ၏။ (SKY)




## HYBE CEO Bang Si Hyuk ဖမ်းဝရမ်းထုတ်ခံရ

ဆိုးလ်မြို့တော်ရဲတပ်ဖွဲ့မှ ငွေကြေးဆိုင်ရာ ပြစ်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့က HYBE ဥက္ကဋ္ဌ ဘန်ဆီဟွတ်ကို မတရားသဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံသူများကို ဖမ်းဝရမ်းထုတ်ရန် လျှောက်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘန်ဆီဟွတ်သည် ၂၀၁၉ ခုနှစ်က ကုမ္ပဏီရှယ်ယာဈေးကွက်တင်ရန် အစီအစဉ်မရှိဟု လိမ်လည်ခဲ့ပြီးနောက် ရှယ်ယာများကို သီးသန့်ရန်ပုံငွေအဖွဲ့သို့ ရောင်းချခဲ့သည်ဟု စွပ်စွဲထားသည်။ ၄င်းသည် BTS အဖွဲ့၏ စီအီးအိုလည်း ဖြစ်သည်။

ကိုရီးယား၏ အရင်းအနှီးဈေးကွက်ဥပဒေအရ လိမ်လည်၍ အကျိုးအမြတ်ယူခြင်းသည် ပြင်းထန်သည့် ပြစ်မှုဖြစ်ပြီး အမြတ်ငွေ ဝမ်ငါးဘီလီယံကျော်လျှင် ထောင်ဒဏ် ငါးနှစ်မှ တစ်သက်တစ်ကျွန်းကျခံနိုင်ခြေရှိသည်။

အဆိုပါ စုံစမ်းစစ်ဆေးမှုများကြောင့် ဘန်ဆီဟွတ်၏ ခရီးသွားလာခွင့်ကို ပိတ်ပင်ထားပြီး လူမှုရေးလှုပ်ရှားမှုများ ကန့်သတ်ထားသည်။

ဘန်ဆီဟွတ်က အမေရိကန်သံရုံးထံ အကူအညီတောင်း၍ ဥပဒေအကြောင်းအရ အပြစ်မရှိကြောင်း ငြင်းဆိုထားသည်။ (SKY)



## Wanna One မှ Park Jihoon က ဇာတ်ရုပ်ပီပြင်ရန် ကြိုးစား

ပရိသတ်အားပေးမှုအမြင့်ဆုံး ရရှိထားသည့် The King's Warden ထဲမှ (၁၅)ရာစု ဂျိုဆွန်းခေတ် သမိုင်းဖြစ်ရပ်မှန် ဇာတ်ကားတွင် ဇာတ်ရုပ်ပီပြင်စေရန် ဝမ်းနားဝမ်းအဖွဲ့ဝင် ပတ်ဂျီဟွန်းကကြိုးစားခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ဆယ်ကျော်သက်အရွယ်နှင့် နန်းကျဘုရင်လေး ဒန်ဂျုံးဇာတ်ကောင်အဖြစ် ပါဝင်ထားသော ဝမ်းနားဝမ်းအဖွဲ့ဝင် ပတ်ဂျီဟွန်းသည် အစာမစားဘဲ ဝိတ်ချခဲ့ကာ ဇာတ်ရုပ်နှင့် လိုက်ဖက်မှုရှိအောင်ကြိုးစားခဲ့သည်။

အင်တာဗျူးတွင် ပတ်ဂျီဟွန်းက နန်းကျဘုရင်ဇာတ်ကောင် ရိုက်ကူးရန် နှစ်လခွဲ အငတ်ခံခဲ့ပြီး ပိန်ပိန်ပါးပါးပုံစံထက် စိတ်ပိုင်းဆိုင်ရာအပြင် ရုပ်ပိုင်းဆိုင်ရာပါ ပြိုလဲပြီး ငတ်မွတ်ဆာလောင်သည့် ပုံစံပေါက်စေရန် လေ့ကျင့်ခန်းမလုပ်ဘဲ အငတ်ခံသောနည်းနှင့် ပန်းသီးအနည်းငယ်သာ စား၍ ဝိတ်ချခဲ့ရာမှ ၃၃ ပေါင်ကျခဲ့ကြောင်း၊ ဇာတ်လမ်းထဲ၌ စားသောက်သည့် ဇာတ်ဝင်ခန်းရိုက်ချိန်တိုင်း အစာမျိုမရဘဲ ပြန်၍ ပျို့အန်ခဲ့သည်အထိ ကြိုးစားခဲ့ရသည်။(SKY)

# မလေးရှား-တရုတ် လျှပ်စစ်ကားနှင့် စွမ်းအင်သစ်ဖွံ့ဖြိုးတိုးတက်ရေး ထိပ်သီးဆွေးနွေးပွဲ ကျင်းပ




**ကွာလာလမ်ပူ မေ ၁၂**

မလေးရှား-တရုတ် လျှပ်စစ်ကားနှင့် စွမ်းအင်သစ်ဖွံ့ဖြိုးတိုးတက်ရေးထိပ်သီးဆွေးနွေးပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူ၌ မေ ၁၂ ရက်တွင် ကျင်းပသည်။

နှစ်နိုင်ငံအကြား အနာဂတ်ကာလတွင် သွားလာရေးနှင့် အစိမ်းရောင်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေး ဆောင်ရွက်ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် အာမက်ဇာဟစ်ဟာမီဒီ ကြီးမှူးကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ၏ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေး၊ အဆင့်မြင့်တီထွင်ထုတ်လုပ်မှုနှင့် စိမ်းလန်းသောစွမ်းအင် အသွင်ပြောင်းမှုဆိုင်ရာ ရည်မှန်းချက်များကို မီးမောင်းထိုးပြခဲ့သည်။

နိုင်ငံအတွင်း၎င်းကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကျွမ်းကျင်သူနည်းပါးခြင်း၊ စက်မှုလုပ်ငန်းများမှ လိုအပ်သည့် ထုတ်ကုန်အရေအတွက်နှင့် အမျိုးသားနည်းပညာဆိုင်ရာကဏ္ဍမှ ထုတ်လုပ်ရေးနည်းပညာ ဂေဟစနစ်၏ ကွာဟချက်တို့ကြောင့် စိန်ခေါ်မှုများရှိနေကြောင်း သိရသည်။

ယခုကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲသည် မလေးရှားနိုင်ငံ၏ စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အဆင့်မြင့်နည်းပညာ ပလက်ဖောင်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲအတွင်း လျှပ်စစ်ကားနှင့် အစိမ်းရောင်သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်မည့်အစီအမံတစ်ရပ်ကို တရုတ်နှင့်မလေးရှား ကုမ္ပဏီများက အဆိုပြုခဲ့သည်။

အစီအမံ ပထမအဆင့်တွင် မလေးရှား-တရုတ် အစိမ်းရောင် ရွေ့လျားမှု ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနကို တည်ထောင်မည်ဖြစ်ပြီး ဒုတိယအဆင့်တွင် မလေးရှားနိုင်ငံအတွက် လာမည့်ငါးနှစ်အတွင်း လျှပ်စစ်ကား၊ ဘက်ထရီနှင့် စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်သူ အရေအတွက် ၁၀၀၀ မွေးထုတ်ရေးအတွက် ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

---



## တရုတ်နိုင်ငံသားများကို ကာလတိုပြည်ဝင်ခွင့် ကင်းလွတ်ခွင့်ပြုရန် ဘရာဇီးနိုင်ငံ၏ ဆုံးဖြတ်ချက်ကြောင့် အကျိုးများမည်ဟု မျှော်လင့်ရ

**ဘရာဇီးလီးယား မေ ၁၂**

တရုတ်နိုင်ငံသားများကို ကာလတိုပြည်ဝင်ခွင့် ကင်းလွတ်ခွင့်ပြုရန် ဘရာဇီးနိုင်ငံ၏ ဆုံးဖြတ်ချက်သည် ခရီးသွားလာမှုကဏ္ဍ ကို မြှင့်တင်ပေးနိုင်ရုံသာမက အခြားအကျိုးကျေးဇူးများစွာကိုလည်း ဖြစ်ထွန်းစေမည်ဟု မျှော်လင့်ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် စီးပွားရေးဆိုင်ရာ ခရီးသွားလာမှုများအတွက် အတားအဆီးများကို လျှော့နည်းစေပြီး အမိကဖွံ့ဖြိုးဆဲနိုင်ငံကြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံရေးများကို ပိုမိုနက်ရှိုင်းစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း လေ့လာဆန်းစစ်သူများက ပြောကြားသည်။

တရုတ်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများသည် လာမည့်တနင်္လာနေ့မှစတင်၍ ရက်ပေါင်း ၃၀ အထိ ဘရာဇီးနိုင်ငံအတွင်းသို့ ဗီဇာမလိုဘဲ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း ဘရာဇီးအစိုးရက ယခင်အပတ်အတွင်း ကြေညာခဲ့ရာ ယင်းမူဝါဒသည် ဒီဇင်ဘာ ၃၁ ရက်အထိ အာဏာတည်မည်ဖြစ်သည်။

အဆိုပါကြေညာချက် ထွက်ပေါ်လာပြီးနောက် တရုတ်နိုင်ငံ၏ အွန်လိုင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် ဘရာဇီးနိုင်ငံသို့ သွားရောက်ရန် စိတ်ဝင်စားမှုများ ချက်ချင်းမြင့်တက်လာခဲ့သည်။

နာရီပိုင်းအတွင်း ဘရာဇီးနိုင်ငံရှိ ခရီးစဉ်ဒေသများကို ရှာဖွေမှုနှုန်းမှာ သိသိသာသာ မြင့်တက်လာခဲ့ပြီး ဆော်ပေါလို၊ ရီယိုဒီဂျနေးရီးနှင့် ဆာဗေးဒိုးမြို့တို့သည် တရုတ်ခရီးသွားများ အများဆုံး စိတ်ဝင်စားကြသည့် မြို့များဖြစ်ကြောင်း သိရသည်။

Mon

---

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ထိုင်းနိုင်ငံ၏ စားသုံးသူယုံကြည်မှုအညွှန်းကိန်းပမာဏ မတ်လက ၅၁ ဒသမ ၈ ရှိခဲ့ရာမှ ဧပြီလတွင် ၅၀ ဒသမ ၆ သို့ ကျဆင်းသွား



**ဘန်ကောက် မေ ၁၂**

ထိုင်းနိုင်ငံ၏ စားသုံးသူယုံကြည်မှုအညွှန်းကိန်းသည် မတ်လက ၅၁ ဒသမ ၈ ရှိခဲ့ရာမှ ဧပြီလတွင် ၅၀ ဒသမ ၆ သို့ ကျဆင်းသွားခဲ့ပြီး ယင်းပမာဏသည် ရှစ်လအတွင်း အနိမ့်ဆုံးဖြစ်ကာ နှစ်လဆက်တိုက် ကျဆင်းမှုဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စွမ်းအင်ဈေးနှုန်းများ မြင့်မားနေခြင်းကြောင့် စားသုံးသူများ၏ ယုံကြည်မှုကို ထိခိုက်စေခဲ့ခြင်း ဖြစ်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်းတက္ကသိုလ်က စစ်တမ်းရလဒ်များကို မေ ၁၂ ရက်တွင် ထုတ်ပြန်စဉ် ထောက်ပြခဲ့သည်။

ထို့ပြင် မြေသြဇာကုန်ကျစရိတ်များ မြင့်မားနေသော်လည်း လယ်ယာထွက်ကုန်ပစ္စည်း ဈေးနှုန်းများမှာ နိမ့်ကျနေသည်ဟုလည်း ၎င်းက ဖြည့်စွက်ပြောကြားကြောင်း သိရသည်။ Mon

---

## မလေးရှား အနောက်ကမ်းရိုးတန်းအလွန်တွင် စက်လှေတစ်စင်း နစ်မြုပ်ပင်လယ်ရေကြောင်း အရေးပေါ်ဝန်ဆောင်မှုအဖွဲ့က ရှာဖွေကယ်ဆယ်

**ကွာလာလမ်ပူ မေ ၁၂**

မလေးရှားနိုင်ငံအနောက်ဘက်ကမ်းရိုးတန်းအလွန်တွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၃၇ ဦး တင်ဆောင်လာသည့် စက်လှေတစ်စင်း နစ်မြုပ်ခဲ့ပြီးနောက် ပျောက်ဆုံးနေသူများ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အာဏာပိုင်များက စတင်ဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပါရက်ပြည်နယ်ရှိ မလေးရှားပင်လယ်ရေကြောင်း အရေးပေါ်ဝန်ဆောင်မှုအဖွဲ့က မေ ၁၂ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဒေသခံရေလုပ်သားများက လက်ရှိအချိန်အထိ လူ ၂၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ကျန် ၁၄ ဦးမှာ ပျောက်ဆုံးနေဆဲဟု ဆိုသည်။

ရှာဖွေရေးလုပ်ငန်းစဉ်တွင် ရေကြောင်းရဲတပ်ဖွဲ့၊ ရေတပ်နှင့် ဒေသခံရေလုပ်သားများ၏ အကူအညီဖြင့် အဆိုပါဝန်ဆောင်မှုအဖွဲ့မှ ရေယာဉ်နှစ်စင်း ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည်။

ဖန်ဂါကမ်းရိုးတန်းအလွန် ပင်လယ်ပြင်အတွင်း မျောပါနေသည့် အသက်ရှင်ကျန်ရစ်သူများကို တွေ့ရှိခဲ့သော ဒေသခံရေလုပ်သားတစ်ဦးက မေ ၁၁ ရက် အစောပိုင်းတွင် အကြောင်းကြားခဲ့ခြင်းကြောင့် ယင်းဖြစ်စဉ်ကို သိရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Mon



---

# တူကီယဲ၌ အိုင်အက်စ်အဖွဲ့အပေါ် ငွေကြေးထောက်ပံ့သည့် ဒစ်ဂျစ်တယ်ငွေကြေးကွန်ရက်တစ်ခုအား နှိမ်နင်း



**အစ္စတန်ဘူလ် မေ ၁၂**

တူကီယဲရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံအတွင်း အိုင်အက်စ်အကြမ်းဖက်အဖွဲ့အား ငွေကြေးထောက်ပံ့ပေးနေသည့် ဒစ်ဂျစ်တယ်ငွေကြေးကွန်ရက်တစ်ခုအား နှိမ်နင်းရာတွင် ဒေသခံ ၄၃ ဦးကို မေ ၁၂ရက်က ဖမ်းဆီးခဲ့ကြောင်း အစ္စတန်ဘူလ် တရားရေးဌာနရုံးအကြီးအကဲက ပြောကြားသည်။

အစ္စတန်ဘူလ်၊ အန်ကာရာနှင့် အန်တာရာအပါအဝင် ပြည်နယ် ၁၆ ခုတွင် စစ်ဆင်ရေးဆင်နွှဲကာ စီးနင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၎င်းဒစ်ဂျစ်တယ်ငွေကြေးကွန်ရက်သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဖြင့် ငွေကြေးကောက်ခံကာ လူသားချင်းစာနာထောက်ထားမှု အကူအညီအသွင်ဖြင့် ကန်ဒေါ်လာ ၁၇၀၀၀၀ အား လူမှုကွန်ရက်မှနေ၍ ဆီးရီးယားနိုင်ငံ အကျဉ်းစခန်းများမှ အိုင်အက်စ်အဖွဲ့ဝင်များ၏ မိသားစုများထံ ပေးပို့ခဲ့သည်။

ယင်းစစ်ဆင်ရေးအတွင်း အိုင်အက်စ်များနှင့် ပတ်သက်သည့် မှတ်တမ်းများကို သိမ်းဆည်းခဲ့သည်။ တူကီယဲနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစတင်၍ အိုင်အက်စ်အဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ခဲ့ပြီးနောက် အိုင်အက်စ်အဖွဲ့ကလည်း နိုင်ငံအတွင်း အကြမ်းဖက်မှုများဆောင်ရွက်ခဲ့ရာ စစ်ဆင်ရေးများ ဆင်နွှဲ၍ အရေးယူမှုများ ဆောင်ရွက်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## မီးသတ်ဦးစီးဌာနတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကြိုတင်ကာကွယ်ရန် ပြင်ဆင်ဆောင်ရွက်ထား

**မြစ်သား မေ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် လတ်တလောဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မလိုလားအပ်သော သဘာဝဘေးအန္တရာယ်များကျရောက်ဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် မေ ၁၁ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ၊ တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိမှု ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



မြို့နယ်မီးသတ်ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် သဘာဝဘေးကျရောက်လာသည့်အချိန်တွင် လျင်မြန်စွာတုံ့ပြန်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော် ဦးဆောင်၍ လူ၊ ယာဉ်နှင့် စက်ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှု၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်တိုက်လေ့ကျင့်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို အသုံးပြု၍ လျင်မြန်စွာ ကူညီဆောင်ရွက်နိုင်ရန်တို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး မေ ၁၂**

ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်စိုးလွင်နှင့် တပ်ဖွဲ့ဝင်များသည် မေ ၁၁ ရက်က မန္တလေး-မုံရွာလမ်း စစ်ကိုင်းမြို့ ဈေးမီးပွိုင့်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးပြီး ဆိုင်ကယ်စီး ဦးထုပ်မဆောင်းသူများကို အရေးယူဆောင်ရွက်ခြင်းမပြုဘဲ တပ်ဖွဲ့စုမှူးရုံး အသိပညာပေးခန်းမသို့ ခေါ်ဆောင်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေကာ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ဆိုင်ကယ်စီးစဉ် ယာဉ်မတော်တဆမှုကြောင့် ဦးခေါင်းထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးမှုများရှိရာ ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ် စီးနင်းကြရန် မော်တော်ယာဉ်ဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း သိရသည်။ (အပေါ်ပုံ)

(၀၄၅)

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ကွပ်ကွပ်အိတ်အစားထိုး အင်ဖက်များအခမဲ့ဖြန့်ဝေ

**ကံမ မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်(ကွပ်ကွပ်အိတ်)လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများ ပလတ်စတစ်(ကွပ်ကွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကွပ်ကွပ်အိတ်အစားထိုး အင်ဖက်များအခမဲ့ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇နာရီက အဆိုပါဈေးအတွင်း၌ ဆောင်ရွက်ခဲ့ကြသည်။ (ယာပုံ)



အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

စော်ထက်(သရက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပင်လောင်း မေ ၁၂**

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၌ မေ ၉ ရက်က မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။(အောက်ပုံ)

ဖြစ်စဉ်မှာ မေ ၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ ပင်လောင်း - လွိုင်ကော်သွားကားလမ်းအဆင်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နေ စည်သူငြိမ်းအောင်(၂၈)နှစ်ဆိုသူ မောင်းနှင်ပြီး ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ နမ့်ပါချီးရပ်ကွက်နေ သူရကျော်(၂၉)နှစ်ဆိုသူ လိုက်ပါလာသည့် DONGFENG 22 ဘီးနောက်တွဲယာဉ်သည် ပင်လောင်းမြို့မှ လွိုင်ကော်မြို့ဘက်သို့ ဘိလပ်မြေအိတ်များ တင်ဆောင်မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် စည်သူငြိမ်းအောင်ဆိုသူနှင့် သူရကျော်ဆိုသူတို့နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် စည်သူငြိမ်းအောင်ဆိုသူအား ပင်လောင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်

**ကြို့ပင်ကောက် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ကုန်းမြင့်ကျေးရွာ၌ မေ ၁၀ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် လုံးပတ် ၂ ပေ၊ အမြင့် ပေ ၄၀ ခန့်ရှိ မယောဂနီပင်သည် လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် လဲကျပြီး သုံးဘီးယာဉ်(အိုးဝေ)ပေါ်သို့ ပိမိနေကြောင်း သတင်းရရှိသဖြင့် ကြို့ပင်ကောက်မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် သုံးဘီးယာဉ်(အိုးဝေ)နောက်ခန်း အမိုးကိုင်း ကျိုးပဲ့ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ (ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် AD VAN တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွား

**မန္တလေး မေ ၁၂**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၂၄၇/၇)နှင့် (၂၄၈/၀)အကြား၊ နေပြည်တော်-မန္တလေးသွားကားလမ်းတွင် မေ ၁၁ ရက် ညနေ ၅ နာရီခွဲက ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းသည် AD Van ယာဉ်အား ရန်ကုန်-မန္တလေးကားလမ်းအတိုင်းမောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ အသွားလမ်းဘက်ခြမ်းမှ လမ်းလယ်ကျွန်းကျော်ဖြတ်ကာ အပြန်လမ်းဘေးရှိ မြေသားပေါ်သို့ တိမ်းမှောက်ကာ ယာဉ်မောင်းအမျိုးသားမှာ သေဆုံးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)(၀၅၇)



### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

# ထူးတဲ့ သမ္ဗုဒ္ဓေ

မှန်ပါသည်။ တကယ်ထူးပါသည်။ လက်တွေ့၌ဂါထာကို နေ့စဉ် နံနက်အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် ရွတ်ဖတ်ပူဇော်ပေးပါ။ ကျွန်တော်တော့ သတိရတိုင်း နှုတ်ကလည်း ရွတ်ဖတ်တယ်။ နံနက်အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် ဘုရားရှိခိုးတိုင်း ရွတ်ဖတ်တယ်။ (၁၀၈)လုံး ပုတီးနဲ့ သမ္ဗုဒ္ဓေပုတီးတစ်လုံးချ၊ အဋ္ဌဝီသဥ္စ ပုတီးတစ်လုံးချနဲ့ ဂါထာဆုံးအောင် ပုတီးတစ်လုံးချနဲ့ စိပ်တယ်။ စိတ်လန်းဆန်းတယ်၊ ရွှင်ရွှင်ပျပျရှိတယ်။ ဝယ်ချင်တာ စိတ်ကမှန်းလိုက်ရင် ပိုက်ဆံရောက်လာတယ်။ ကိုယ်တွေ့ပေါ့။ မိတ်ဆွေတစ်ဦးက ပြောတယ်။ အရင်က စစ်သားဘဝနဲ့ ရှေ့တန်းမထွက်ခင် အိမ်ကနေ သမ္ဗုဒ္ဓေဂါထာကို ရွတ်ဖတ်ပုတီးစိပ်တယ်။ ရှေ့တန်းမှာ မသေမပျောက် ကျည်မထိခဲ့ပါလို့ ပြောပြတယ်။ သူ့စိပ်နည်းက သမ္ဗုဒ္ဓေတစ်ပုဒ်လုံးပြီးမှ ပုတီးတစ်လုံးချတယ်။ ယနေ့ သူ့အသက်(၈၀)နှစ် ရှိနေပြီ။

အဲ့ဒီလို ထူးခြားမှုတွေရှိလာတော့ အလေးအနက်ထားပြီး နေ့စဉ်ရက်မှန်အောင် ဘုရားရှိခိုးတယ်၊ ပုတီးစိပ်တယ်။ သတိရတိုင်းလည်း နှုတ်က ရွတ်တယ်။ အိမ်မှာတော့ ဘုရားစင်မှာ ပုတီးတစ်ကုံး၊ စာရေးတဲ့နေရာမှာ ပုတီးတစ်ကုံး၊ သွားလေရာ ပုတီးစိပ်တဲ့စက်လေးပါတယ်။ စိပ်လည်း စိပ်ဖြစ်တယ်။

သမ္ဗုဒ္ဓေဂါထာအကြောင်း လေ့လာရရှိမှုလေးတွေ ပြောဦးမယ်။ ပုဂံခေတ်က ရေးခဲ့တဲ့ သမ္ဗုဒ္ဓေက အောက်ပါအတိုင်းဖြစ်တယ်။

**သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဥ္စ၊ ဒွါဒသဥ္စ သဟဿကေ၊**
**ပဥ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။**
**တေသံ ဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒရေန၊ နမာမဟံ၊ နမက္ကာရာ**
**နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။**
**အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော ။**

မူရင်းဂါထာဖြစ်ပါတယ် ။ အဲ့ဒီနောက် ဆရာတော်ကြီးများက ထပ်မံပြီး အောက်ပါစာသားများကို ဖြည့်စွက်ခဲ့ပါတယ်။

အပ္ပကာ ဝါလုကာ၊ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ၊ ဇိနာ ဆိုတဲ့ စာသားတွေဖြစ်ပါတယ်။ စုပေါင်းရွတ်ဆိုလိုက်တဲ့အခါ…

**သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဥ္စ၊ ဒွါဒသဥ္စ သဟဿကေ။**
**ပဥ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။**
**အပ္ပကာ ဝါဠုကာ၊ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ၊ ဇိနာ။**
**တေသံ ဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒရေန၊ နမာမဟံ၊ နမက္ကာရာ**
**နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။**
**အနေက အန္တရာယာပိ၊ ဝိနာဿန္တု အသေသတော။**

ဖြစ်သွားပါတယ် ။ မူလဂါထာသည် ပုဂံခေတ်က ဂါထာဖြစ်ပြီး တထာဂတုပ္ပတ္တိကျမ်းမှာ ဖော်ပြထားပါသည်။

သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဥ္စ ဆိုတာ နှစ်ဆယ့်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို နမာမိ သိရသာမဟံ ဦးခေါင်းရတနာတို့ဖြင့် ရှိခိုးပါ၏။ ဟူ၍ဆိုလိုပါသည်။ အလျဉ်းသင့်တုန်း ရှိခိုးခြင်း ငါးမျိုးကို ပြောပြပါမည်။

(၁) ဦးခေါင်းဖြင့် ရှိခိုးခြင်း
(၂) လက်အုပ်ချီ၍ ရှိခိုးခြင်း
(၃) လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးခြင်း
(၄) ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း
(၅) ဝမ်းလျားမှောက်၍ ရှိခိုးခြင်း

တို့ဖြစ်ပါသည်။

နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့မှာ သုမေဓာရှင်ရသေ့ဘဝ ဖြစ်စဉ် ဗျာဒိတ်ခံခဲ့တဲ့ကာလမှ ဂေါတမဘုရားဖြစ်ချိန်ထိ လေးအသင်္ချေ ကမ္ဘာတစ်သိန်းမှာ ဘုရားအဆူပေါင်း နှစ်ဆယ့်ရှစ်ဆူ ပွင့်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဒွါဒသဥ္စ သဟဿကေ ဆိုတာ တစ်သောင်းနှစ်ထောင်သော ဘုရားရှင်တို့ဟူ၍ အဓိပ္ပာယ်ရပါသည်။ ပဥ္စသတ သဟဿာနိ ဆိုတာ ငါးသိန်းသော ဘုရားရှင်တို့ဟူ၍ အဓိပ္ပာယ်ရပါသည်။ စုစုပေါင်း ဆိုရင် သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဥ္စ ဆိုတာ နှစ်ဆယ့်ရှစ်ဆူ၊ ဒွါဒသဥ္စ သဟဿကေ က တစ်သောင်းနှစ်ထောင်၊ ပဥ္စသတ သဟဿာနိ က ငါးသိန်း၊ ထို့ကြောင့် ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ် ရှစ်ဆူဟူ၍ ဖြစ်လာပါသည်။

ငါးသိန်းတစ်သောင်းနှစ်ထောင်သော ဘုရားရှင်တို့သည် သုမေဓာရှင်ရသေ့ဘဝ မရောက်မီ အတိတ်ဘဝဆယ့်ခြောက်အသင်္ချေတုန်းက ပွင့်ခဲ့တဲ့ ဘုရားများဖြစ်ပါသည်။ ၄င်းဆယ့်ခြောက်အသင်္ချေမှာ စိတ်ဖြင့် ဆုတောင်းခဲ့တာ ခုနစ်အသင်္ချေ၊ နှုတ်ကနေ အသံထွက်ဖွင့်ဆို ဆုတောင်းခဲ့တာ ကိုးအသင်္ချေ ကြာတယ်လို့ သိရပါသည်။

သုမေဓာရှင်ရသေ့အကြောင်းလည်း ပြောပြပါမည်။ သုမေဓာရှင်ရသေ့ဟာ ရှေးဘဝက ဘုရင့်သမီးတော်တစ်ပါးဖြစ်ခဲ့ပြီး ဘုံခုနစ်ဆင့်နန်းပြာသာဒ်နဲ့ နေခဲ့ရသူဖြစ်ပါသည်။ တစ်နေ့တော့ ဦးပဥ္စင်းတစ်ပါးသည် ညနေခင်းသပိတ်ပိုက်၍ ဆွမ်းခံကြွလာတာကို မြင်ရသော အထိန်းတော်အား အဆိုပါဆွမ်းခံသော ဦးပဥ္စင်းအား နန်းပြာသာဒ်သို့ ကြွစေလျက် သပိတ်တော်တောင်း၍ ဖွင့်ကြည့်ရာ ဆွမ်းမဟုတ်ဘဲ ဆီများသာဖြစ်နေကြောင်း တွေ့ရလေသည်။

ထိုအခါ ဘုရင့်သမီးတော်က ဤဆီများသည် အဘယ်အတွက်ပါလဲဟု မေးမြန်းလျှောက်ထားရာ ဦးပဥ္စင်းက ဆီအလှူခံခြင်းသည် ညအခါ ဆီမီးထွန်းညှိရန်ဖြစ်ကြောင်း၊ ဘုရားရှင်အား ဆီမီးပူဇော်ရခြင်းဖြစ်ကြောင်း၊ ဆီမီးအလင်းရောင်ပူဇော်ခြင်းဖြင့် ဘုရားဆုကို ပန်ခဲ့ကြောင်း ရှင်းပြရာ ဘုရင့်သမီးတော်လည်း သဒ္ဓါညွတ်ကျိုး၍ တပည့်တော်မလည်း ဆီအလှူပြုပါရစေ၊ ရာသက်ပန်ဆီအလှူဒကာမ ဖြစ်ပါရစေ၊ ဤလှူသောဆီဖြင့် နောင်ဖြစ်ရာဘဝတွင် လူယောကျ်ားဖြစ်ပါရစေဟု ဆုတောင်းကာ ဦးပဥ္စင်းအား ဆီများပေးလှူခဲ့လေသည်။

နောင်ဘဝတွင် ဆီလှူခဲ့သော ဘုရင့်သမီးတော်သည် သုမေဓာရှင်ရသေ့ဖြစ်လာခဲ့ပြီး ဦးပဥ္စင်းသည် ဒီပင်္ကရာဘွဲ့အမည်နှင့် ဘုရားဖြစ်ခဲ့ပါသည်။ ဒီပင်္ကရာဘုရားလက်ထက်ရောက်သော် သုမေဓာရှင်ရသေ့သည် ရမ္မာဝတီမြို့ထဲလှည့်လည်ရာ လူအများစု လုပ်အားပေးနေကြသည်ကိုမြင်၍ မေးမြန်းရာ မြတ်စွာဘုရား သံဃာတော်များနှင့် ဆွမ်းခံကြွလာမည်ဖြစ်၍ လမ်းကောင်းအောင် ပြုပြင်နေကြောင်း ရှင်းပြရာ သုမေဓာရှင်ရသေ့သည် ဘုရားဆုပန်နေသူမို့ ပါဝင်လုပ်အားပေးမည်ဆိုပြီး တစ်နေရာစာ တာဝန်ယူရာ ဒီပင်္ကရာမြတ်စွာဘုရား ကြွအလာတွင် မပြီးပြတ်သော တစ်နေရာစာလမ်းလေးအား မိမိခန္ဓာကိုယ်ကို ဝမ်းလျားမှောက်၍ မြတ်စွာဘုရားအား လျှောက်သွားစေရာ ဒီပင်္ကရာဘုရားက ဗျာဒိတ်ပေးခဲ့သဖြင့် နောင်တွင် ဂေါတမဗုဒ္ဓဘုရားရှင်ဖြစ်လာတော့သည်။

သုမေဓာရှင်ရသေ့အနီးသို့ ရမ္မာဝတီမြို့သူ သုမိတ္တာရောက်ရှိလာကာ လက်ထဲတွင် ကြာပန်း ရှစ်ပွင့်ယူလာရာမှ ငါးပွင့်ကို သုမေဓာရှင်ရသေ့အား လှူ၍ ကျန်သုံးပွင့်ဖြင့် သုမေဓာရှင်ရသေ့ဝမ်းလျားမှောက်သည့် ဘေးမှနေ၍ ဒီပင်္ကရာမြတ်စွာဘုရားရှင်အား ကြာပွင့်များလှူကာ သုမေဓာရှင်ရသေ့၏ ပါရမီဖြည့်ဖက်ဖြစ်ရပါလို၏ဟူ၍ ဆုတောင်းသော် နောင်အခါတွင် ဘုရားဂေါတမအလောင်း သိဒ္ဓတ္ထမင်းသား၏ ကြင်ယာတော် ယသော်ဓရာ ဖြစ်လာလေသည်။

ဤတွင် ဗုဒ္ဓဂေါတမဘုရားအကြောင်းလည်း နည်းနည်းပါးပါး ရေးခဲ့ပြီးပါပြီ။ အဓိကပြောချင်တာက ယခုအချိန်အခါတွင် ဘေးဆိုးကပ်ဆိုးတွေ အမျိုးမျိုးကျရောက်နေပါသဖြင့် ကပ်ဘေးမှ လွတ်မြောက်စေရေးအတွက် သမ္ဗုဒ္ဓေဂါထာအား မြတ်ဘုရားဂုဏ်တွေ၊ မြတ်တရားဂုဏ်တွေ၊ သံဃာ့ဂုဏ်တွေရည်မျှော်၍ ကြည်နူးထူးတဲ့ သမ္ဗုဒ္ဓေဖြစ်တဲ့အတွက် မြို့တိုင်း၊ နယ်တိုင်း၊ ရွာတိုင်း၊ အိမ်တိုင်း၊ လူတိုင်း အန္တရာယ်တွေ အမှန်ကွယ်စေ ဘေးရန်ကင်းဝေးပါစေလို့ ထူးတဲ့ သမ္ဗုဒ္ဓေဂါထာကို မျှဝေပူဇော်လိုက်ရပါသည်။

ခင်မောင်(ငါန်းငွန်)

* စာမျက်နှာ ၂၄ မှ

ခရီးသွား ဝင်ရောက်မှုများသည် ဒီဇင်ဘာလ၊ ဇန်နဝါရီလတို့တွင် တစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၈၅၀ နှင့် ကျန်သောလများ၌ အမေရိကန်ဒေါ်လာ ၈၀၀ ဖြင့် ဝန်ဆောင်မှုပေးသည်။


ဝါးအလယ်ကျွန်း အပန်းဖြေစခန်းသို့ နိုဝင်ဘာလမှ ဧပြီလကုန်ပိုင်းအထိ ခရီးသွားများ လည်ပတ်လေ့ရှိပြီး ပုံမှန်အားဖြင့် ဩဂုတ်လမှစ၍ ခရီးသွားလက်ခံလေ့ရှိသော်လည်း ယခုခရီးသွားရာသီ၌ ခရီးသွား ပိုမိုဝင်ရောက်ခဲ့မှုကြောင့် လာမည့်ခရီးသွားရာသီ ကာလအတွက် ယခုမေလမှစကာ ကြိုတင်စာရင်း လက်ခံလျက်ရှိသည်။

“ကျွန်တော်တို့က ဝါးအလယ်ကျွန်းကို ဧည့်သည်အများကြီးလာဖို့ မမျှော်မှန်းထားပါဘူး။ ဘာကြောင့်လဲဆိုတော့ ဂေဟစနစ် ပျက်စီးသွားမှာစိုးလို့ပါ။ တစ်ရက်ကို ခရီးသွား ၄၀ နဲ့ ၅၀ ကြားပဲလက်ခံပါတယ်။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖြစ်တဲ့အတွက် နိုင်ငံခြားသားခရီးသွားတွေကို သဘာဝအလှ၊ သဘာဝပတ်ဝန်းကျင်နဲ့ သဘာဝအတိုင်း ထိန်းသိမ်းထားရှိတဲ့ မိုးသစ်တော၊ ဒီရေတော၊ ဇီဝမျိုးစုံမျိုးကွဲ၊ တောရိုင်းတိရစ္ဆာန်နဲ့ ဒေသခံဆလုံတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုတို့ကို ပြသပါတယ်။ အထူးသဖြင့် ခရီးသွားများဟာ သဘာဝဂေဟစနစ်ကို ကြည့်ရှုခံစားချင်လို့လာရောက်ကြတာဖြစ်တဲ့အတွက် သဘာဝကို ချစ်မြတ်နိုးတဲ့ ခရီးသွားတွေကို ကျွန်တော်တို့က ပိုပြီးလေးစားတန်ဖိုးထားပါတယ်။ ဒီလကစပြီး လာမယ့်ခရီးသွားရာသီအတွက် ကြိုတင်စာရင်းလက်ခံနေပါပြီ။ သဘာဝအလှကြွယ်ဝတဲ့ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းက ကြိုဆိုနေပါတယ်”ဟု ဝါးအလယ်ကျွန်း အပန်းဖြေစခန်းမှ အထွေထွေမန်နေဂျာ ဦးအောင်ဇင်လတ်က ပြောသည်။

လန်ပိကျွန်းကို ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ်အဖြစ် အသိအမှတ်ပြုခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ယခုခရီးသွားရာသီ၌ ဝါးအလယ်ကျွန်းအပန်းဖြေ စခန်းသို့ အများဆုံး လာရောက်အပန်းဖြေလည်ပတ်သည့် ခရီးသွားများမှာ ဂျာမနီနိုင်ငံမှဖြစ်ပြီး ဒုတိယအများဆုံးမှာ ရုရှားနိုင်ငံမှဖြစ်ကာ တတိယသည် အမေရိကန်နိုင်ငံမှ ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး



ဝါးအလယ်ကျွန်းတွင် နိုင်ငံခြားသားခရီးသွားများ လည်ပတ်ရာ ထုံးကျောက်ဂူတစ်ခုကိုတွေ့ရစဉ်။

## ချမ်းမြသာစည်မြို့နယ် မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အဆင်သင့်ဆောင်ရွက်ထားရှိ

မန္တလေး မေ ၁၂

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်း ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား အဆင်သင့်ဆောင်ရွက်ထားရှိပြင်ဆင်မှုများကို မေ ၁၁ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ခဲ့သည်။

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေး သန္နမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့်အတူ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား အဆင်သင့်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းနှင့် အရေးပေါ်တစ်စုံတစ်ရာဖြစ်ပွားပါက ဗဟိုမီးသတ် ဖုန်း ၀၂-၄၀၂၁၀၈၄၊ ၀၂-၄၀၆၀၇၃၉၊ ချမ်းမြသာစည်မြို့နယ် ဖုန်း ၀၂-၄၀၆၀၇၃၉ သို့ဆက်သွယ်နိုင်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

အလင်းသစ်

**အသက်သည် သွေး၊ သွေးသည် အသက်။**

# နိုင်ငံတကာ အားကစား သတင်းများ

## ဘီတိုကို စာချုပ်သက်တမ်းတိုးရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် မေ ၁၂**

အဲဗာတန်အသင်းသည် အသင်းတိုက်စစ်မှူး ဘီတိုကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၉ ပွဲကစားပြီး ၂၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

အဲဗာတန်အသင်း၏ ထုတ်ပြန်ချက်တွင် "ဘီတိုကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။



**(အပေါ်ပုံ)**
**(NGB)**

## ချူကီကို ခေါ်ယူရန် ဝါဒါဘရီမင်အသင်း သဘောတူညီမှုရရှိ



**လန်ဒန် မေ ၁၂**

ဘွန်ဒက်လီဂါကလပ် ဝါဒါဘရီမင်အသင်းသည် စပိန်ဆီးဂန်ဒါကလပ် ဗယ်လာဒိုးလစ်အသင်း ကွင်းလယ်ကစားသမား ချူကီကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဝါဒါဘရီမင်အသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ချူကီသည် ဗယ်လာဒိုးလစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝါဒါဘရီမင်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ချူကီသည် ယခုနှစ်ဘောလုံးရာသီ အကုန်မှသာ ဝါဒါဘရီမင်အသင်းသို့ လာရောက်ပူးပေါင်းသွားမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## နီကိုဝီလျံ ပေါင်ခြံဒဏ်ရာကြောင့် နှစ်လခန့်အနားယူရဖွယ်ရှိ

**မက်ဒရစ် မေ ၁၂**

ဘီလ်ဘာအိုအသင်း တောင်ပံကစားသမား နီကိုဝီလျံသည် ပေါင်ခြံဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစားသမားသည် ဘီလ်ဘာအိုအသင်းက ဗလင်စီယာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား နီကိုဝီလျံ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘီလ်ဘာအိုအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမား နီကိုဝီလျံသည် ဘီလ်ဘာအိုအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၉ ပွဲကစားပြီး ၃၇ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ)**
**(NGB)**





## ဘိုလော့ဂ်နာအသင်းက နာပိုလီအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**တူရင် မေ ၁၂**

အီတလီစီးရီးအေပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဘိုလော့ဂ်နာအသင်းနှင့် နာပိုလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘိုလော့ဂ်နာအသင်းက နာပိုလီအသင်းကို သုံးဂိုး၊နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုလော့ဂ်နာအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၉ မိနစ်တွင် ဘာနာဒက်ချီ၊ ပွဲချိန် ၃၄ မိနစ်တွင် အော်ဆိုလီနီ၊ ပွဲချိန် (၉၀+၁)မိနစ်တွင် ဝှန်နသန်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဘိုလော့ဂ်နာအသင်းသည် အီတလီစီးရီးအေပွဲစဉ် (၃၆)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၅၂မှတ်ဖြင့် အဆင့်(၈)နေရာတွင် ရပ်တည်လျက်ရှိသည်။

အီတလီစီးရီးအေပွဲစဉ်(၃၇) အဖြစ် ဘိုလော့ဂ်နာအသင်းသည် လာမည့် မေ ၁၇ ရက်တွင် အတ္တလန္တာအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## နည်းပြ အာဘီလိုအာ ရီးရဲလ်မက်ဒရစ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**မက်ဒရစ် မေ ၁၂**

နည်းပြ အာဘီလိုအာ ရီးရဲလ်မက်ဒရစ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့်အပြင် စပိန်လာလီဂါပြိုင်ပွဲတွင်လည်း ဆုဖလား ရရှိအောင် စွမ်းဆောင်နိုင်မှုမရှိခြင်းကြောင့် နည်းပြ အာဘီလိုအာကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။



နည်းပြ အာဘီလိုအာသည် ရီးရဲလ်မက်ဒရစ်အသင်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၅ပွဲတွင်၊ ၁၅ပွဲနိုင်၊ ၂ပွဲသရေ၊ ၈ပွဲရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ အာဘီလိုအာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ရီးရဲလ်မက်ဒရစ်အသင်း၏ နည်းပြရာထူးမှ အမှန်တကယ် ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**
**(NGB)**

## ဘောလီရိုက်စ်ကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် မေ ၁၂**

အက်စတွန်ဗီလာအသင်းသည် ရိန်းဂျားစ်အသင်း၏ ကွင်းလယ်ကစားသမား ဘောလီရိုက်စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘောလီရိုက်စ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ **(ယာပုံ)**

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ရိန်းဂျားစ်အသင်းမှ ဘောလီရိုက်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## 2026 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲ မေ ၁၇ ရက်တွင် စတင်မည်

**စထရာဘော့စ် မေ ၁၂**

ပြင်သစ်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲကို လာမည့် မေ ၁၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲကို မေ ၁၇ ရက်မှ ၂၄ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(ဝဲပုံ)**



Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကာဇက်စတန် တင်းနစ်မယ် Elena Rybakina ဖြစ်သည်။ **(NGB)**

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၃-၅-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁၆)အက်စ်ပန်ညို - ဘီလ်ဘာအို(၉)<br>(L,L,D,L,L) (L,W,L,W,L) | အက်စ်ပန်ညို ၁-၁ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၄-၁ အက်စ်ပန်ညို |
| ။ | (၃)ဗီလာရီးရဲလ် - ဆီဗီလာ(၁၃)<br>(W,D,W,W,D) (W,L,L,W,W) | ဗီလာရီးရဲလ် ၄-၂ ဆီဗီလာ<br>ဆီဗီလာ ၁-၂ ဗီလာရီးရဲလ် |
| ၁၄-၅-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၁၈)အလာဗက်စ် - ဘာစီလိုနာ(၁)<br>(D,L,W,L,D) (W,W,W,W,W) | အလာဗက်စ် ၀-၃ ဘာစီလိုနာ<br>ဘာစီလိုနာ ၁-၀ အလာဗက်စ် |
| ။ | (၇)ဂီတာဖေး - မာယော့ကာ(၁၅)<br>(L,W,L,L,D) (W,D,L,W,D) | ဂီတာဖေး ၀-၁ မာယော့ကာ<br>မာယော့ကာ ၁-၂ ဂီတာဖေး |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁) ပွဲကျန် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၅-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၂)မန်စီးတီး - ပဲလေ့စ်(၁၄)<br>(W,W,W,D,W) (L,W,L,W,D) | မန်စီးတီး ၅-၂ ပဲလေ့စ်<br>ပဲလေ့စ် ၂-၂ မန်စီးတီး |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉) ပွဲကျန် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၃-၅-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁၂)ဘရက်စ် - စထရာဘော့စ်(၈)<br>(L,D,D,L,L) (W,L,L,L,D) | ဘရက်စ် ၃-၁ စထရာဘော့စ်<br>စထရာဘော့စ် ၀-၀ ဘရက်စ် |
| ၁၄-၅-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၂)လန်းစ် - ပီအက်စ်ဂျီ(၁)<br>(W,W,D,D,W) (W,W,D,D,W) | လန်းစ် ၁-၂ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၁-၀ လန်းစ် |

# (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပသွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး မေ ၁၂**

၂၀၂၆ ခုနှစ်၊ ဇွန် ၂၆ ရက်တွင်ကျရောက်မည့် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲများအား မန္တလေးတိုင်းဒေသကြီးတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျင်းပသွားနိုင်ရေး မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက ပြိုင်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ရေး ယခင်နှစ်၏ အားနည်းချက်၊ အားသာချက်များ အပေါ်သုံးသပ်၍ ယခုနှစ်တွင် ဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ဦးစီးကော်မတီ၊ ကြီးကြပ်မှုကော်မတီ၊ ဆပ်ကော်မတီအလိုက် ဆွေးနွေးကြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မေ ၂၃ ရက်တွင် ပန်းချီနှင့် ပိုစတာပြိုင်ပွဲ၊ မေ ၂၄ ရက်တွင် ကာတွန်းနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်းနှင့် နည်းပညာတက္ကသိုလ်(မန္တလေး)တို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ကျောင်းသူ ၃၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

# ပူတာအိုမြို့နယ်၊ မူလာအွန်ကျေးရွာ၌ RBF လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပူတာအို မေ ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မူလာအွန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်နှင့် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ပူတာအိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မူလာအွန်ကျေးရွာ၌ ဒေသန္တား၊ ဝက်မွေးမြူထားရှိဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)နှင့် ပတ်သက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ဝဲပုံ)**



အဆိုပါကျေးရွာ၌(RBF) စီမံကိန်းခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များထည့်ဝင်ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် ကော်မတီအဖွဲ့၊ ဘရန်မိုင်ဝမ်ဒုံအဖွဲ့၊ အစွမ်ဇီအဖွဲ့နှင့် နမ်မာဂန် အဖွဲ့အစု လေးဖွဲ့တို့မှ ဒေသန္တား၊ ဝက်မွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သည့် အရင်းအနှီးများရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍RBF စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ဒေသန္တား၊ ဝက်မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

**အောင်ရဲကျော်**

၀-၀-၀-၀-၀

# အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၃၈) စာမေးပွဲ ကျင်းပ

**မန္တလေး မေ ၁၂**

အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်မှ ကြီးမှူး၍ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးငါးခုတို့တွင် တစ်ပြိုင်တည်းကျင်းပပြုလုပ်သည့် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂၃၈) သင်တန်းစာမေးပွဲကို မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၌ မေ ၈ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့နံနက်ပိုင်းက ဘဏ္ဍာရေးစည်းမျဉ်းဘာသာရပ် ဖြေဆိုခြင်းကို ဆက်လက်ကျင်းပခဲ့သည်။ **(အပေါ်ယာပုံ)**



အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၃၈) သင်တန်းစာမေးပွဲကို မေ ၈ ရက်မှ မေ ၁၅ ရက်အထိ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးတွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါစာမေးပွဲကို ဝန်ကြီးဌာန ၁၈ ခုမှ သင်တန်းသား၊ သင်တန်းသူ ၄၉ ဦး၊ ပြန်လည်ဖြေဆိုမည့် ဝန်ကြီးဌာနခြောက်ခုမှ သင်တန်းသား၊ သင်တန်းသူ ၁၂ ဦး၊ စုစုပေါင်း ၆၁ ဦး ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်သည်။

သင်တန်းတွင် အခြေခံစာရင်းရေး စာရင်းကိုင်ပညာ၊ စတိုပစ္စည်းစာရင်းထားနည်း၊ ဦးစီးဌာနစာရင်းပညာ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်းနှင့် ရုံးစာရေးသားနည်းနှင့် စတိုစာရင်းထားနည်း ဘာသာရပ်များကို သင်ကြားပို့ချခဲ့သည်။

အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးအနေဖြင့် မေလ နောက်ဆုံးပတ်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများပါ တက်ရောက်စေနိုင်မည့် အင်ဂျင်နီယာဗဟုသုတအခြေခံ သင်တန်းကိုလည်းကောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများအတွက် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂၃၉) အားလည်းကောင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀-၀

# ရက် ၁၀၀ စီမံချက်ဖြင့် မိုးစပါး၊ နေကြာမျိုးစေ့နှင့် ကော်ဖီပျိုးပင်များ ပေးအပ်

**မိုင်းယောင်း မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါး၊ နေကြာမျိုးစေ့နှင့် ကော်ဖီပျိုးပင်များထောက်ပံ့ပေးအပ်ပွဲကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်မိုးက ပေးအပ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘွန်းစီ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုခရိုင်ရုံး ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများက တောင်သူ ၃၀ ဦးအား မိုးစပါး မျိုးကောင်းမျိုးသန့် ဆင်းဧကရီ-၃ ဧက ၃၀၊ နေကြာမျိုးစေ့ ဆင်းရွှေကြာ-၂ ဧက ၂၀ နှင့် ကော်ဖီပျိုးပင် ၄၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး စိုက်ပျိုးရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

**ဥတုရာသီ တောကိုမှီ၏။**

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်မိ၊ ရပ်ဖများ တွေ့ဆုံ



**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံခြင်းကို မေ ၁၁ ရက် နံနက် ၁၀ နာရီက အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ ၃၅လမ်း၊ ၈၆လမ်းထောင့်၊ အကွက်(၅၄၉)ရှိ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးတွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြတ်သူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ် ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးနှင့် မြို့နယ်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကား ပြောကြားခဲ့ရာ နိုင်ငံတော်မှချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရက်(၁၀၀)စီမံချက် လုပ်ငန်းစဉ်များအရ ချမ်းအေးသာစံမြို့နယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရပ်ကွက်နေပြည်သူများက မိမိတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးပေးကြရန် ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌက တက်ရောက်လာကြသော ရပ်မိရပ်ဖများအနေဖြင့် မိမိနေထိုင်ရာ ရပ်ကွက် သန့်ရှင်းသာယာဖွံ့ဖြိုးတိုးတက်စေရန် မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကြံပြုဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါကြောင်းပြောကြားရာ ကန္တာမဟီရပ်ကွက်မှ ရပ်မိရပ်ဖ ဦးသန်းစိုးက အမှိုက်များ စည်ကမ်းမဲ့စွန့်ပစ်နေမှု၊ အမှိုက်သိမ်းဆည်းမှု၊ ရေနုတ်မြောင်းများ ဆယ်ယူပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ သီရိဟေမာ အရှေ့ရပ်ကွက်မှ တရားလွှတ်တော်ရှေ့နေ ဦးထွန်းထွန်းဝင်းက မြေအမည်ပြောင်းနှင့် စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ် ချုပ်ဆိုရာတွင် ဌာနတွင်း အဆင့်ဆင့်တင်ပြရာ၌ ကြန့်ကြာမှုများရှိပြီး မြေစာရင်းမှတ်ပုံတင်စာချုပ် ချုပ်ဆိုရာတွင်လည်း နှောင့်နှေးကြန့်ကြာနေပါသဖြင့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးနိုင်ရေး အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ရပ်မိရပ်ဖများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းရာ မိမိကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အခက်အခဲများတွေ့ကြုံပါက တိုင်းဒေသကြီးလွှတ်တော်တွင် တင်ပြဆွေးနွေးပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌက ယနေ့တွေ့ဆုံပွဲသို့ ရပ်မိရပ်ဖများ တက်ရောက်လာသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝ၄၁)

*-*-*-*-*



## အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

**ချောက် မေ ၁၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးသန်းလှိုင်နှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ညီလှဲ့ဖြူက ပြည်တွင်းအခွန်များဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်၊ အခွန်အမှတ်တံဆိပ် သတ်မှတ်ချက်၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရာတွင် လိုက်နာရမည့်အချက်များနှင့် အခွန်ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များစသည့် အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြီးနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းက စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များ ၉၀ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသော အခွန်ထမ်းလုပ်ငန်းရှင်များ၏ သိရှိလိုသော မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ကျော်မိုး(ပြန်/ဆက်)**

*-*-*-*-*-*

*-*-*-*

## အကြိမ်(၂၀)မြောက် တိုင်းရင်းဆေးသင်တန်း သင်တန်းသားများ ဆန်းစစ်ဖြေဆို

**မန္တလေး မေ ၁၂**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) စတုတ္ထနှစ် သင်တန်းသားများအား အကြိမ်(၂၀)မြောက် တိုင်းရင်းဆေးသင်တန်းကို တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာသိန်းဇော်လင်းနှင့် ပါမောက္ခ၊ ဌာနမှူးများက ဧပြီ ၂၁ ရက်မှ မေ ၁၁ ရက်အထိ သင်ကြားပို့ချခဲ့သည်။

တိုင်းရင်းဆေးပညာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုသင်တန်းပို့ချချက်များ ပြန်လည်ဆန်းစစ်စာမေးပွဲကို ယနေ့ နံနက် ၈ နာရီ သင်တန်းခန်းမတွင် စတုတ္ထနှစ် သင်တန်းသား သံဃာတော်များ၊ ဖြေဆိုကြရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် သင်ကြားစီမံဆရာတော်များ တိုင်းရင်းဆေး တက္ကသိုလ် (မန္တလေး)မှ နည်းပြဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝ၄၅)**



## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**လားရှိုး မေ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လားရှိုးခရိုင်ဦးစီးမှူးရုံးမှ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို မေ ၁၁ ရက် မွန်းလွဲပိုင်းက လားရှိုးခရိုင် လူထုအခြေပြု ဗဟိုဌာန Community Centre ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အသိပညာပေဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး (လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လားရှိုးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးသီရိသွယ်က လားရှိုးမြို့နယ်အတွင်း ဖြစ်ပွားနိုင်သည့် ရေဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ မီးဘေး၊ မြေပြိုဘေး၊ ငလျင်ဘေးစသည့် ဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဘေးအန္တရာယ်တစ်ခုခုကြုံတွေ့ရပါက ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများနှင့် မိမိနှင့်အတူယူဆောင်သွားရန် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများအား ဒေသခံပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပညာပေးဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ရာ ဦးဆောင်ဆွေးနွေးသည့် လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှမော်(ပြန်/ဆက်)**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်ဖြင့် ပြည်သူ့အကျိုးပြု နယ်လှည့်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်

**ရပ်စောက် မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်၊ မင်းလမ်းရှိ ရသဝတီခန်းမ၌ ယမန်နေ့ နံနက် ၈ နာရီက ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(တောင်ကြီး)မှ ရက် (၁၀၀) စီမံချက်အရ ရပ်စောက်မြို့နယ် အတွင်းရှိ လူ၊မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား လိုင်စင်သက်တမ်းတိုးမြှင့်ဆောင်ရွက်ပေးမှုပြုလုပ်ခဲ့ရာ တောင်ကြီးမြို့၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးငြိမ်းချမ်းလင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဒေါ်မမငြိမ်း၊ ရပ်စောက်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးသက်ပိုင်၊ ရပ်စောက်မြို့နယ်အတွင်းရှိ လူပုဂ္ဂိုလ် ၄၂၈ ဦးတို့အား ယာဉ်မောင်းသင်လိုင်စင်အသစ်ပြုလုပ်ပေးခြင်း၊ မော်တော်ဆိုင်ကယ် ၁၇၃ စီးနှင့် မော်တော်ယာဉ် ၇၇ စီးတို့အား သက်တမ်းတိုးမြှင့်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ လိုင်စင်သက်တမ်းတိုးမြှင့်ဆောင်ရွက်သည့် ရသဝတီခန်းမသို့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်တို့ကလာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*


**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ် တောတန်း စိတ်ရွှင်လန်း၏။**

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ



## Skin care ပစ္စည်းမသုံးဘဲ အသားအရေထိန်းသိမ်းနည်း

Skin care ပစ္စည်းတွေ အသုံးမပြုဘဲ သဘာဝအတိုင်း အသားအရေ လှပအောင် ထိန်းသိမ်းဖို့ဆိုရင် နေထိုင်မှုပုံစံ(Life-style)နဲ့ စားသောက်မှုပုံစံ(Diet)က အဓိကကျပါတယ်။ Skin care ပစ္စည်းတွေ မသုံးဘဲနဲ့ အသားအရေ ထိန်းသိမ်းချင်တယ်ဆိုရင် အခုပြောသွားမယ့်အချက်တွေကို လိုက်လုပ်ကြည့်ပါနော်။

**၁။ ရေကို ဝဝလင်လင် သောက်ပါ။**

အသားအရေစိုပြည်ရန်အတွက် တစ်နေ့ကို ရေအနည်းဆုံး ရှစ်ဖန်ခွက်သောက်ပေးခြင်းက ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေကို ဖယ်ရှားပေးပြီး အသားအရေကို အတွင်းပိုင်းကနေ စိုပြည်ဝင်းပစေပါတယ်။




**၂။ အိပ်ရေးဝဝအိပ်ပါ။**

"Beauty Sleep" ဆိုတာ တကယ်ရှိပါတယ်။ ညဘက်အိပ်ပျော်နေချိန်မှာ ခန္ဓာကိုယ်က ဆဲလ်အသစ်တွေကို ပြန်လည်ပြုပြင်တာကြောင့် တစ်နေ့ကို ၇ နာရီကနေ ၈ နာရီအထိ အိပ်စက်ပေးပါ။ အိပ်ရေးပျက်ရင် မျက်ကွင်းညိုတာနဲ့ အသားအရေ ညှိုးနွမ်းတာတွေ ဖြစ်စေနိုင်ပါတယ်။

**၃။ အစားအသောက် ဂရုစိုက်ပါ။**

ဗီတာမင်စီပါတဲ့ အသီးအနှံတွေဖြစ်တဲ့ လိမ္မော်သီး၊ ရှောက်သီး၊ စတော်ဘယ်ရီသီးတို့က အသားဖြူဝင်းစေပါတယ်။ အစိမ်းရောင်ပါဝင်တဲ့ အသီးတွေက ခန္ဓာကိုယ်အတွက် လိုအပ်တဲ့အာဟာရဓာတ်တွေကို ပေးစွမ်းပါတယ်။ အချိုနဲ့ ဆီကြော်တွေက ဝက်ခြံထွက်စေပြီး အသားအရေကို ရောင်ရမ်းစေတတ်ပါတယ်။

**၄။ ချွေးထွက်အောင် လေ့ကျင့်ခန်းလုပ်ပါ။**

လေ့ကျင့်ခန်းလုပ်လို့ ချွေးထွက်တာဟာ အသားအရေရဲ့ ချွေးပေါက်ထဲက အညစ်အကြေးတွေကို သန့်စင်ပေးပြီး သွေးလည်ပတ်မှုကောင်းစေတာကြောင့် ပါးပြင်လေးတွေကို သဘာဝအတိုင်း ပန်းရောင်သန်းစေပါတယ်။

**၅။ နေရောင်ခြည်ကို တိုက်ရိုက်မထိတွေ့ပါစေနဲ့။**

Skin care မသုံးတဲ့အခါမှာ ထီး၊ ဦးထုပ်၊ အင်္ကျီလက်ရှည်စတာတွေကို အားကိုးပါ။ နံနက် ၁၀ နာရီကနေ ညနေ ၄ နာရီအတွင်း နေရောင်တိုက်ရိုက်ထိတွေ့တာကို အတတ်နိုင်ဆုံးရှောင်ပါ။

**၆။ သဘာဝပစ္စည်းများဖြင့် ပေါင်းတင်ပါ။**

အလှကုန်တွေအစား အိမ်မီးဖိုချောင်ထဲက ပစ္စည်းလေးတွေဖြစ်တဲ့ သခွားသီး၊ ပျားရည်၊ နနွင်းမှုန့်တို့ကို အသုံးပြုပြီး ပေါင်းတင်နိုင်ပါတယ်။

**Daisy**

## မျက်နှာဖောင်းအစ်တာကို သက်သာစေတဲ့ "Lymphatic Drainage" နှိပ်နယ်နည်း

တစ်ခါတလေမှာ မျက်နှာက ဝိတ်တက်လာလို့ ပြည့်ဖောင်းတာမဟုတ်ဘဲ ပွယောင်းယောင်းနဲ့ ဖောင်းအစ်နေတာမျိုး ဖြစ်တတ်ပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ရဲ့ ခန္ဓာကိုယ်မှာ Lymphatic System လို့ခေါ်တဲ့ ပြန်ရည်ကြောစနစ်က မျက်နှာမှာရှိတဲ့ အရည်ကြည်တွေ စီးဆင်းမှုမကောင်းတဲ့အခါ မျက်နှာဖောင်းအစ်တာ၊ မျက်အိတ်ကျတာနဲ့ အသားအရေ ညစ်နွမ်းတာတွေ ဖြစ်တတ်ပါတယ်။

အဲ့ဒီလို မျက်နှာဖောင်းအစ်တာကို ခွဲစိတ်စရာမလို၊ အဆီဖျော်ဆေးတွေ ထိုးစရာမလိုဘဲ မျက်နှာကို ပိုသွယ်စေပြီး အသားအရေ ကြည်လင်စေတဲ့ သဘာဝနည်းလမ်းတွေကို မျှဝေပေးလိုက်ပါတယ်။

အရင်ဆုံး မျက်နှာအသားအရေကို မနာစေဖို့ Face Oil(သို့မဟုတ်) Moisturizer တစ်ခုခု အရင်လိမ်းပါ။ Gusha ရှိရင် အဲ့ဒါစနဲ့သုံးပြီး နှိပ်လို့ရသလို မရှိရင်လည်း လက်ချောင်းတွေသုံးပြီး နှိပ်နယ်လို့ရပါတယ်။ နှိပ်တဲ့အခါမှာ နဖူးအလယ်ကနေ နားထင်ဘက်ကို၊ နှာခေါင်းဘေးကနေ ပါးရိုးတစ်လျှောက် နားနောက်ဘက်ကို ညင်သာစွာ ဆွဲတင်ပေးပါ။

အရေးကြီးဆုံးအချက်က နားနောက်ကနေ လည်ပင်းဘေးတစ်လျှောက် ညှပ်ရိုး (Collarbone) ဆီကို လက်ချောင်းလေးတွေနဲ့ အောက်ဘက်သို့ ပွတ်ဆွဲချပေးဖို့ပါ။ ဒါမှသာ မျက်နှာက အရည်အညစ်အကြေးတွေ ခန္ဓာကိုယ်အောက်ဘက်ကို စီးဆင်းသွားမှာ ဖြစ်ပါတယ်။

အခုပြောသွားတဲ့နည်းအတိုင်း နေ့စဉ် ပုံမှန်လုပ်ပေးမယ်ဆိုရင် မျက်နှာဖောင်းတာ ချက်ချင်းကျသွားမယ်၊ သွေးလည်ပတ်မှုကောင်းလို့ ပါးလေးတွေ ပန်းရောင်သန်းလာမယ်၊ မေးရိုး (Jawline) ပိုပေါ်လာပြီး မျက်နှာအချိုးအစား ပိုလှလာပါလိမ့်မယ်။

**Daisy**

## ခြောက်သွေ့ပျက်စီးနေတဲ့ ဆံသားကို ပြန်လည်အားဖြည့်ပေးနိုင်တဲ့ Argan Oil

Argan Oil ဆိုတာ မော်ရိုကိုနိုင်ငံမှာရှိတဲ့ Argan သစ်ပင်ရဲ့ အစေ့ကနေ ထုတ်ယူရရှိတဲ့ အဖိုးတန် သဘာဝအဆီတစ်မျိုးဖြစ်ပြီး ဆံသားအတွက် အံ့မခန်းအကျိုးကျေးဇူးတွေ ပေးစွမ်းနိုင်တာကြောင့် "Liquid Gold" လို့တောင် တင်စားခေါ်ဝေါ်ကြပါတယ်။ ဒီအဆီမှာ Fatty Acids နဲ့ ဗီတာမင် E ဓာတ်တွေ ကြွယ်ဝစွာ ပါဝင်တဲ့အတွက် ခြောက်သွေ့ပျက်စီးနေတဲ့ ဆံသားတွေကို အတွင်းပိုင်းအထိ အစိုဓာတ်ဖြည့်တင်းပေးနိုင်ပြီး ဆံကေသာကို ပိုးသားလေးလို နူးညံ့ချောမွေ့သွားစေပါတယ်။ အထူးသဖြင့် ဆံပင်အရောင် ခဏခဏဆိုးခြင်း၊ အပူပေးစက်များ အသုံးများခြင်းကြောင့် ဆံသားကြမ်းတမ်းပြီး နစ်ခွဖြစ်တတ်သူတွေအတွက် Argan Oil က အထိရောက်ဆုံး ကုထုံးတစ်ခု ဖြစ်ပါတယ်။

အသုံးပြုတဲ့အခါမှာလည်း ဆံပင်လျှော်ပြီး စိုထိုင်းထိုင်းအခြေအနေမှာ လက်ဖဝါးထဲကို အဆီအနည်းငယ်ထည့်ကာ ဆံပင်အလယ်ပိုင်းကနေ အဖျားအထိ အနှံ့ပွတ်လိမ်းပေးရုံနဲ့ ဆံပင်ဖွာခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ ဒါ့အပြင် Argan Oil ဟာ တခြားအဆီတွေလို ဆံပင်ကို အရမ်းစေးကပ်ပြီး လေးလံသွားစေခြင်းမျိုးမရှိဘဲ ပေါ့ပါးတဲ့အတွက် နေ့စဉ်အသုံးပြုဖို့လည်း သင့်တော်ပါတယ်။ ဆံပင်ကျွတ်တာကို သက်သာစေရုံတင်မကဘဲ ဦးရေပြားကိုလည်း ကျန်းမာစေတဲ့အတွက် ဆံသားထူထဲပြီး တောက်ပချင်သူတွေအတွက် မရှိမဖြစ် ဆောင်ထားသင့်တဲ့ အလှအပဆိုင်ရာ ပစ္စည်းတစ်ခုပဲ ဖြစ်ပါတယ်ရှင်။

**Daisy**



## ခေါင်းအုံးစွပ်ကို 'ပိုးသား (Silk/Satin)' ပြောင်းသုံးခြင်း၏ အကျိုးကျေးဇူး

ကျွန်မတို့ တစ်နေ့တာရဲ့ ရှစ်နာရီနီးပါးကို ခေါင်းအုံးပေါ်မှာ ကုန်ဆုံးတာဖြစ်လို့ ခေါင်းအုံးစွပ်ရဲ့ မျက်နှာပြင်က အသားအရေအပေါ် အများကြီးသက်ရောက်မှု ရှိပါတယ်။

ချည်သားနဲ့ လုပ်ထားတဲ့ ခေါင်းအုံးဖုံးက ကြမ်းတမ်းပြီး မျက်နှာအသားအရေနဲ့ ပွတ်တိုက်မှု များပါတယ်။ ညဘက် လူးလိမ့်အိပ်တဲ့အခါ မျက်နှာအသားအရေကို ဆွဲဆန့်သလိုဖြစ်ပြီး ရေရှည်မှာ "Sleep Wrinkles" လို့ခေါ်တဲ့ အိပ်ရာကြောင့်ဖြစ်တဲ့ အရေးအကြောင်းတွေကို ဖြစ်စေပါတယ်။ ပိုးသားကတော့ နူးညံ့ချောမွေ့တဲ့အတွက် ပွတ်တိုက်မှုကို အနည်းဆုံးအထိ လျှော့ချပေးပါတယ်။

ပိုးသားခေါင်းအုံးစွပ်ကို သုံးပေးခြင်းအားဖြင့် Skin Care အလေအလွင့်ဖြစ်တာကိုလည်း သက်သာစေပါတယ်။ ချည်သားဟာ အစိုဓာတ်ကို စုပ်ယူနိုင်စွမ်း အလွန်မြင့်တာကြောင့် ညဘက်မှာ လိမ်းထားတဲ့ ဈေးကြီးတဲ့ Night Cream တွေ၊ Serum တွေဟာ သင့်မျက်နှာထဲ မရောက်ဘဲ ခေါင်းအုံးထဲကို ရောက်သွားတတ်ပါတယ်။ ပိုးသားကတော့ အစိုဓာတ်ကို မစုပ်ယူတဲ့အတွက် Skin Care တွေဟာ သင့်မျက်နှာပေါ်မှာပဲ ရှိနေမှာပါ။

ဆံပင်နစ်ခွဖြစ်တာ၊ ဆံပင်ပွတာနဲ့ ဆံပင်ကျွတ်တာတွေဟာ ခေါင်းအုံးနဲ့ ဆံသားပွတ်တိုက်မှုကြောင့် အဓိက ဖြစ်ရတာပါ။ ပိုးသားခေါင်းအုံးနဲ့ အိပ်ရင် နံနက်နိုးတဲ့အခါ ဆံပင်တွေ ရှုပ်ထွေးမနေဘဲ ချောမွေ့နေတာကို သိသိသာသာ တွေ့ရပါလိမ့်မယ်။

**Daisy**



# (Book Club)အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**တပ်ကုန်း မေ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များပူးပေါင်း၍ စာရေးဆရာမ ခင်စောတင့် ရေးသားထားသည့် စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါဦးစီးဌာန၊လူထုအခြေပြု ဗဟိုဌာန(Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာပေဖတ်ရှုသည့်အလေ့အထကောင်းများ တိုးပွားရရှိရေးနှင့်စာဖတ်ရှိန်မြင့်မားပြီး စာပေဗဟုသုတများ ဖလှယ်ဆွေးနွေးနိုင်ရေးရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် စာရေးဆရာ ဒေါက်တာနွယ်ဝင်း၊ စာရေးဆရာ ကိုကို(သုတေသန)၊ စာရေးဆရာ စိန်ဝင်းနွယ်(ဘာသာပြန်)၊ စာရေးဆရာ ရဲမွန်ကျော်၊ စာရေးဆရာ မောင်ရည်ကျော်(ရှုပ)၊ စာရေးဆရာမ ချယ်ချယ်(YU)၊ စာရေးဆရာ မျိုးမြင့်၊ တပ်ကုန်းမြို့နယ် စာအုပ်၊စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည်(မောင်ကြည်မှု-ပျဉ်းမနား)နှင့်အဖွဲ့ဝင်များဖြစ်ကြသည့် စာရေးဆရာ ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)၊ စာရေးဆရာမ သင်းသင်းလှိုင်(သင်းသင်းလှိုင်-တပ်ကုန်း)၊ စာရေးဆရာမ မြသန္တာ (မြပုလဲ-တပ်ကုန်း)၊ စာပေဝါသနာရှင်များက စာရေးဆရာမခင်စောတင့် ရေးသားထားသည့် စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့်အတွေးအမြင်စာစုများ စာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး မိမိတို့၏ရှုထောင့်အသီးသီးမှ ခံစားနားလည်မှုများကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

ထို့နောက် စာရေးဆရာ ကိုကို(သုတေသန)၊ စာရေးဆရာ ဒေါက်တာနွယ့်ဝင်းတို့က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မြို့နယ် ရှစ်မြို့နယ်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ် လှူဒါန်းခဲ့ရာ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်တို့က လက်ခံယူခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## အနန္တငါးပြော ဆည်းကပ်ပူဇော်ရာ

* မေတ္တာမျှကူး၊ စိတ်မြူးလိုင်ဝေ
မင်္ဂလာပေါင်း၊ ချောင်းပါစေ
မေတ္တာပေးဆပ်၊ ကောင်းမြတ်စွာလေ
အေးမြခြင်း၊ စိတ်ရင်းထပ်တူနေ ။

* လူဖြစ်တန်ဖိုး၊ တည်ရိုးစေမြိုင်
ဉာဏ်နှင့်ယှဉ်ပြူ၊ ကောင်းမှုတည်ခိုင်
ဒါန သီလ၊ ပြုကြဝေလှိုင်
မြင့်ဂုဏ်နန်း၊ ဆင့်မြန်းပွင့်ဖူးကြိုင် ။

* ဘုရားမြွက်ကြား၊ တရားနာယူ
သံသရာလမ်း၊ မပန်းမာန်ထူ
သံဃာအမှူ၊ မှန်ပြုပေးလှူ
နိဗ္ဗာန်ရ၊ ပြည့်ဝလူဖြစ်သူ ။

* ခန္ဓာအိမ်ကြီး၊ ခရီးချိန်ခါ
မိမာတာမွေး၊ ဖကျွေးခဲ့တာ
ပညာတံတိုင်း၊ ခြုံသိုင်းဆရာ
ဘဝအတွက်၊ မွန်းယုက်ဂုဏ်အင်္ဂါ ။

* ဂုဏ်းဝင်ကျေးဇူး၊ ဆပ်ဖူးရမည်
အချိန်မျှလေ့၊ မမေ့ဦးတည်
လက်ဆယ်ဖြာမိုး၊ ရှိခိုးဂုဏ်သီ
ပေးဆပ်နှစ်၊ လူဖြစ်တန်ဖိုးရည် ။

* လိမ္မာသိတတ်၊ ကောင်းမြတ်စေရန်
လုပ်ကျွေးပြုစု၊ ယခုအမှန်
ချမ်းသာကြီးပွား၊ ဂုဏ်အားဝေစံ
တောင့်တတိုင်း၊ မဆိုင်းပြည့်ရပြန် ။

* ယခုမျက်မှောက်၊ ချင့်ထောက်မြော်မြင်
ဘုရား တရား၊ စထားဦးတင်
သံဃာ မိဘ၊ ဆရာ့ဂုဏ်အင်
ဘဝအဆက်၊ စီးလျက်ရေအလျဉ် ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ပိုစတာပြိုင်ပွဲကျင်းပ

**ကလေးဝ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့တွင် ၂၀၂၆ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပိုစတာ ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို၂၀၂၆ ခုနှစ်အတွက် သတ်မှတ်ထားသည့် မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ၊ လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ ပိုင်းဝန်းကာကွယ်တားဆီးမှ၊ မူးယစ်ကင်းစင်တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ လုံခြုံလှ၊ နိုင်ငံအနာဂတ်လှပဖို့ မူးယစ်ဆေးကို အမြစ်ဖြတ်စို့၊ ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကိုတိုက်ဖျက်စို့၊ အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့ အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်စို့စသည့် ဆောင်ပုဒ်များနှင့်အညီ ပြိုင်ပွဲကို ကျင်းပခဲ့ရာ ပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ငါးဦး၊ မူလတန်းအဆင့် ၁၀ ဦး စုစုပေါင်း ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပိုစတာပြိုင်ပွဲတွင် အထက်တန်းအဆင့် ငါးဦး၊ အလယ်တန်း အဆင့် ၁၀ ဦး၊ မူလတန်းအဆင့် နှစ်ဦး စုစုပေါင်း ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



အဆိုပါ ပြိုင်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား လိုက်လံကြည့်ရှု၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)




**စာပေမြင့်မှ လူမျိုးတင့်မည်။**

# နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ကျောက်တလုံး မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ပြည်သူများ စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာကြည့်တိုက်သို့ မလာရောက်နိုင်သည့် စာဖတ်ပရိသတ်များအတွက် စာအုပ်များ အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ရန် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

(ယာပုံ)

ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက စာဖတ်ရှိန်မြှင့်တင်ရေး သုတ၊ရသစာအုပ်များကို ပြည်သူများအလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ရန် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများဖြင့် လစဉ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး အသိပညာပေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မိုင်းယောင်းမြို့၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**မိုင်းယောင်း မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဗလမင်းထင်ခန်းမ၌ ရက်(၁၀၀) လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်အတူ တက်ရောက်သည်။

ထို့နောက် မြို့နယ်ထွေ/အုပ်ရုံး၌ ဝမ်ဘိုးအုပ်စု၊ ဝမ်ဘိုးကျေးရွာတွင် Robusta ကော်ဖီစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ဗလမင်းထင်ခန်းမ၌ မြို့နယ်ထွေ/အုပ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့်အတူ မြို့နယ်ထွေ/အုပ် ဝန်ထမ်းများဖြစ်သည့် မြို့နယ်နိမိတ်ပြင်ပနေသူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်နေသည့် သားသမီးနှင့် နာတာရှည်မိဘများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စိုင်းအောင်ဇော်လင်း**

*–*– *–*–*–*

# မန္တလေးတိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးအသင်းအောင်နိုင်ရေးအတွက် အားကစားဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်း

**မန္တလေး မေ ၁၂**

၂၀၂၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဝင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဘောလုံးအသင်းအား ယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ရေးအတွက် အားကစားဆိုင်ရာပစ္စည်းများ လှူဒါန်းပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီး အား/ကာ ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေးဘောလုံးသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း(စိန်နှင့်မြ)၊ အတွင်းရေးမှူး ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် ဦးအေးနိုင်၊ အသင်းအုပ်ချုပ်သူ ဦးနေလင်းဦး(တိုင်း အား/ကာ ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများ၊ အလှူရှင် Mah-ar Net Internet Service Provider. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ရှေးဦးစွာ တိုင်းဒေသကြီး အား/ကာ ညွှန်ကြားရေးမှူးနှင့် မန္တလေးဘောလုံးသမားများအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ (ယာပုံ)

ထို့နောက် အသင်းအုပ်ချုပ်သူက မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်နေမှုနှင့် တိုင်းဒေသကြီး အားကစား စိတ်ဓာတ်အပြည့်ဖြင့် ကြိုးကြိုးစားစား ပါဝင်အောင်ပွဲခံယူယှဉ်ပြိုင်ဆောင်ရွက်သွားမည့်အကြောင်းကို ရှင်းလင်းတင်ပြပြီး Mahar Net Internet Service Provider မှ တာဝန်ရှိသူက လှူဒါန်းရခြင်းအကြောင်းကိုတင်ပြ၍ မန္တလေးတိုင်းဒေသကြီးအသင်း အောင်နိုင်ရေးအတွက် ငွေကျပ် သိန်း ၆၀ ကျော် တန်ဖိုးရှိ အားကစားဆိုင်ရာပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူတို့က လက်ခံ၍ မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် ဦးအေးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

*–*– *–*–*–*



# ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့နေ ဦးတင်ထွန်း+ဒေါ်ခင်ခင်ဝင်း သားသမီးများ ကိုအောင်မြတ်ချစ်+မပန်းအိဖြူ၊ ကိုအေးချမ်းကို+မဖြိုးရတနာထွန်း၊ မြေးများ သုနိုင်းထက်သာ(ခ)ဝါလေး၊ မောင်လင်းဘုန်းရှိန်ဝါ(ခ)လရောင်၊ မောင်ဖိုးသားမိသားစုတို့က ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူသည်။

အလှူရှင်များ လှူဒါန်းလိုပါက ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

# စဉ့်ကူးမြို့နယ် ပညာရေးမှူးရုံးသို့ မီးစက်နှင့် Laptop လှူဒါန်း

**စဉ့်ကူး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့ မြို့နယ်ပညာရေးမှူးရုံး၌ မီးစက်နှင့် Laptop လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၁ နာရီခွဲက ကျင်းပသည်။

စဉ့်ကူးမြို့နယ်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စဉ့်ကူးမြို့နယ်ပညာရေးမှူးရုံးတွင် လိုအပ်လျက်ရှိသော မီးစက်တစ်လုံးနှင့် Laptop တစ်လုံးတို့အား သန္တိသစ္စာကုမ္ပဏီမှ ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထွန်းထွန်းနိုင်၊ မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**တင်စာလွင်(ပြန်/ဆက်)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ စစ်ဆေး

**ပခုက္ကူ မေ ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုက္ကိုလှကျေးရွာအုပ်စု၊ ဘောလုံးခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဘောလုံးခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ငွေစာရင်းပုံစံများ ပြည့်စုံစွာဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများလိုအပ်လျက်ရှိသော စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများအတွက် ငွေကြေးများ ပံ့ပိုးပေးနိုင်ရန်အတွက် ရန်ပုံငွေများထုတ်ချေးပေးထားခြင်းဖြစ်ကြောင်းနှင့် လိုအပ်သည်များ မှာကြားခဲ့သည်။



ဘောလုံးခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က မ,တည်ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး(နေကြာ)လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၅၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၇ ဒသမ ၈ သန်းထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။ (ဝဲပုံ)

**နေဘ်လူး**

*–*– *–*–*–*

## အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက်ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး၊**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၁)၊ ဦးပိုင်နံပါတ်(၅၃) ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးသန်းဖေဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်ပိုင်း (၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းလွင်(ဘ)ဦးကျော်သောင်း(၅/ခဥန(နိုင်)၀၇၀၃၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓေ-၄၆)၊ ဦးပိုင်နံပါတ်(၅၉) ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးအောင်ကျော်ဆန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့် ကပ်လျက်မြောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်သိန်း(ဘ)ဦးထွန်းမောင်(၉/မရတ(နိုင်)၀၉၆၀၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၅)၊ ဦးပိုင်နံပါတ်(၁၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးကျော်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလင်းစိန်(ဘ)ဦးဘခိုင်(၅/ဗမန(နိုင်)၀၀၁၈၄၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၅)၊ ဦးပိုင်နံပါတ်(၂၂) ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးသိန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ရွှေ(ဘ)ဦးတင်နောင်(၉/မနတ(နိုင်)၀၇၄၂၁၅)[၎င်း၏ကိုယ်စား သားဖြစ်သူ ဦးကိုကိုဦး(ဘ)ဦးမြင့်ရွှေ(၉/ခမစ(နိုင်)၀၇၃၁၉၁)]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၃)၊ ဦးပိုင်အမှတ်(၇၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ကြီးမြ အမည်ပေါက် ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ်(၁)လုံးအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန်အမည်ပေါက်သူထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဂရန်မြေကွက်ဖြစ်ပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးကျုံကျင်းထိုက်(ဘ) ဦးလောက်စီး(၁၃/လရန(နိုင်)၁၉၅၈၈၉)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ချစ်စိန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၂၆၆)**

**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်အမှတ်(၆၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်နွဲ့နွဲ့ အမည်ပေါက် ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက်(၁)လုံးအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိတို့က မူလပိုင်ရှင်ထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဂရန်မြေကွက်ဖြစ်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူများဖြစ်ကြသော ဦးစံထွေး(ဘ) ဦးလူလု(၁၂/ပဇတ(နိုင်)၀၂၆၃၆၂)နှင့် ဒေါ်ထူးထူးလင်း(ဘ)ဦးဝူလာရှင်း(၁/မကတ(နိုင်)၀၆၃၈၉၅)တို့ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ချစ်စိန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၂၆၆)**

**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၁)၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ညွန့်ညွန့်သိန်း အမည်ပေါက်ရှိသော ဂရန်မြေကွက်၏အရှေ့ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အိမ်(၁)လုံးအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလအမည်ပေါက်သူထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသော ဂရန်မြေကွက်ဖြစ်ပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးကျော်စိန်(ဘ)ဦးဒေးယု(၁၃/နခန(နိုင်)၀၃၈၃၆၄)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ချစ်စိန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၂၆၆)**

**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊မြရည်နန္ဒာရပ်ကွက်၊အကွက်အမှတ်(ဘဘ-၁၃)၊ဦးပိုင်နံပါတ်(၂၅)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ဝင်းနီမောင်မောင်(ခ)ဒေါ်ဝင်းနီမောင်မောင် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့သူ (ဖခင်)ဦးထွန်းပိုင် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိ အမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမင်းသူ(၉/မရတ(နိုင်)၁၂၆၁၂၁)၊ဒေါ်မြင့်သူ(၉/မရတ(နိုင်)၁၂၆၁၂၂)၊ဦးထွန်းမင်းလတ်(၉/မရတ(နိုင်)၁၂၆၁၂၃)နှင့် ဒေါ်မေဇင်အောင်(၉/ခမစ(နိုင်)၀၉၀၃၉၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသဇင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၁)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ ပေ (၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်ကို ရောင်းချရန်ကတိပြုသူဖြစ်သော ဒေါ်ညိမ်းအား မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးသောမြေကွက်ဖြစ်ပြီး ဒေါ်ခင်သက်သက်ဝေ(၈/ပမန(နိုင်)၀၈၉၂၀၈)က အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဂရန်လျှောက်ထားမည်ဖြစ်ပါ၍ မိမိ၏အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပြည့်စုံခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ညိမ်းနှင့်အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ–**

**ဒေါ်ခင်သက်သက်ဝေ(၈/ပမန(နိုင်)၀၈၉၂၀၈)၊ ဖုန်း ၀၉-၂၅၉၂၂၀၃၄၅**

## ကြော်ငြာစာ

မန္တလေးပြည်ကြီးတံခွန်မြို့နယ်၊(စ)ရပ်ကွက်၊အကွက်အမှတ် (တတ-၁၄)၊ ဦးပိုင်အမှတ်(၇၅)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်သိန်းအောင်(၁၂/မဘန(နိုင်)၀၂၁၇၈၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ဥရောပနိုင်ငံများမှ ခရီးသွားများ အများဆုံးဝင်ရောက်လည်ပတ်ခဲ့

ရန်ကုန် မေ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် တည်ရှိသော လန်ပိ အဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ဥရောပနိုင်ငံများမှ ခရီးသွားများ အများဆုံးအပန်းဖြေလည်ပတ်ခဲ့ကြောင်း ဝါးအလယ်ကျွန်းအပန်းဖြေစခန်းမှ သိရသည်။

ခရီးသွားရာသီကာလတွင် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ဂျာမနီ၊ ရုရှား၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ချက်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားဥရောပနိုင်ငံအချို့မှ နိုင်ငံခြားသားခရီးသွားများ အများဆုံးလာရောက်လည်ပတ်ခဲ့သည်။ ပင်လယ်ပြင်သဘာဝအလှ၊ သစ်တောသစ်ပင်၊ ရှားပါးမျိုးစိတ်၊ ငါး၊ ပုစွန်ပေါက်ပွားရာ ဒီရေရောက်သစ်တောနှင့် သန္တာကျောက်တန်းများ သဘာဝအတိုင်းတည်ရှိမှုကို သဘာဝဂေဟစနစ်အား ချစ်မြတ်နိုးကြသည့် ဥရောပခရီးသွားများ လာရောက်လေ့လာ အပန်းဖြေလည်ပတ်ခဲ့သည်။

ဝါးအလယ်ကျွန်းအပန်းဖြေစခန်းမှ တစ်ရက်လျှင် ခရီးသွား ၄၀ ကျော် လက်ခံပြီး ပင်လယ်အစားအစာနှင့် သဘာဝသစ်သားအိမ်များဖြင့် ဝန်ဆောင်မှုပေးထားကာ စာမျက်နှာ ၁၀ သို့ ✻



ဝါးအလယ်ကျွန်းသောင်ပြင်၌ နိုင်ငံခြားသားခရီးသွားများ အပန်းဖြေအနားယူရန် ပြင်ဆင်ထားစဉ်။

# ရက်(၁၀၀)စီမံချက်ဖြင့် ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်လျက်ရှိ



မန္တလေး မေ ၁၂

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သာယာလှပရေးအတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းများ(Precast U Drain)၊ Precast Box Culvent တည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောင်မြေသာစံမြို့နယ်အတွင်း ၁၂ လမ်း၊ ငွေတချောင်းမြောင်းနှင့် ၆၆ လမ်းကြားတွင်(Precast U Drain)နှင့် (Precast Box Culvent)တို့ကို တည်ဆောက်လျက်ရှိရာ လုပ်ငန်းခွင်အတွင်း မြေတူးခြင်းလုပ်ငန်းကို မေ ၅ ရက်မှစတင်ကာ သတ်မှတ်ထားသည့် အရှည်ပေနှင့် သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိသည်။

အလားတူ အောင်မြေသာစံမြို့နယ်အတွင်း လမ်း၈၀၊ ၁၀ လမ်းနှင့် ၁၂လမ်းကြားတွင် ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက် နိုင်ရန် မြေတူးခြင်း၊ ကျောက်ပျက် ဖြည့်ခြင်း၊ စက်ကြိတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ရွှေတချောင်းဘေး(အတွင်းလမ်း)၊ ၈ လမ်းနှင့် ၁၂ လမ်းကြားတွင် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းအား မေ ၂ ရက်နေ့တွင် လုပ်ငန်းစတင်ခဲ့ပြီး ဘေးချဲ့ကျောက်ပျက်ဖြည့်၍ အခြေခံလွှာပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် အရှည်ပေနှင့် သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း အသီးသီးဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ချမ်းအေးသာစံမြို့နယ်အတွင်း ရွှေတချောင်းမြောင်း အရှေ့ဘက်လမ်း၊ ၃၁ လမ်းမှ ၃၅ လမ်းကြား၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအတွက် မေ ၅ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ကျောက်ပျက်ဖြန့်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ အလားတူ ပြည်ကြီးတံခွန်မြို့နယ်အတွင်း ၁၂၂ လမ်း၊ ၄၈ လမ်းနှင့် ၅၁ လမ်းကြားတွင် ကတ္တရာလမ်းခင်းနိုင်ရေးအတွက် မေ ၂ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ကျောက်စီခင်း စက်ကြိတ်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် အရှည်ပေနှင့် သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီ ဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ တာဝန်ခံအင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနက မြို့တော်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

# ရာသီသစ်အတွက် ကစားသမား ကိုးဦးအထိ ခေါ်ယူထားသည့် ရတနာပုံအသင်း

ရန်ကုန် မေ ၁၂


မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရတနာပုံအသင်းသည် လာမည့် ၂၀၂၆-၂၀၂၇ အမှတ်ပေးရာသီသစ်အတွက် နည်းပြသစ်အပြောင်းအလဲပြုလုပ်ထားခြင်းနှင့်အတူ ကစားသမားသစ် ခေါ်ယူဖြည့်တင်းမှုများ အဆက်မပြတ်ပြုလုပ်လျက်ရှိပြီး လက်ရှိတွင် ကစားသမား ကိုးဦးအထိ ခေါ်ယူထားကြောင်းသိရသည်။

ရတနာပုံအသင်းသည် Pattani FC နောက်ခံလူ သီဟထက်အောင်၊ ဒဂုံစတားယူနိုက်တက်အသင်းမှ ကွင်းလယ်လူ မိုးဆွေ၊ သက်ပိုင်ထွေးနှင့် တိုက်စစ်မှူး ဆွမ်လမ်မန်၊ ဟံသာဝတီယူနိုက်တက်အသင်း ဂိုးသမား ပြည့်ဖြိုးအောင်၊ ရခိုင်ယူနိုက်တက်အသင်းမှ ဂိုးသမား ခန့်မင်းသန့်နှင့် နောက်ခံလူ အောင်ကျော်အေး၊ ချင်းလန်းအသင်းတိုက်စစ်မှူး ဟိန်းသက်ဖြိုးနှင့် ISPE အသင်း ကွင်းလယ်လူ သန်းတိုးအောင်တို့ကို ခေါ်ယူအားဖြည့်ထားခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီတွင် အဆင့်(၇)နေရာဖြင့် ကျေနပ်ခဲ့ရသည့် ရတနာပုံအသင်းသည် တစ်ကျော့ပြန်အောင်မြင်မှုများ ရရှိရန် ကြိုးပမ်းလျက်ရှိရာ ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူသွားဖွယ်ရှိကြောင်း သိရသည်။

(NGB)



# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် မေ ၁၂

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ